# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်**

**(၂၀၁၂ ခုနှစ်၊ မတ်လ ၁၃ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နံနက် ၁ဝး၂ဝ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁ဝး ၂ဝ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၄၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၅၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ၁၃-၃-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသော လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၀ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း

(၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း

(၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း တို့သည် ယနေ့ ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးအား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း သည် ၁၃-၃-၂၀၁၂ ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက် အဖြစ်လည်းကောင်း၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး

(၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်

(၇) မြောက်ဦးဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း

(၈) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ်

(၉) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း

(၁၀) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် တို့သည် ၁၃-၃-၂၀၁၂ မှ ၁၆-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၄ ရက်အဖြစ်လည်းကောင်း အသီးသီးတင်ပြလာပါတယ်။

အထက်ပါတင်ပြခဲ့သော ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၀ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တောကျွဲအင်းကျေးရွာအုပ်စုအတွင်း လယ်ယာမြေများနှင့် လူနေအိမ်များနှစ်စဉ်ရေလွှမ်းခံရခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ အား မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကျေးရွာနေလူထုတောင်သူလယ်သမားများတင်ပြလာသော အခက်အခဲများနဲ့ပတ်သက်၍ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းကျေးရွာအုပ်စုအတွင်း လွန်ခဲ့သော ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီရောက်ချိန်၌ ရေလွှမ်းမိုးမှုဒဏ်ကို လယ်သမားများအပါအဝင် တောကျွဲအင်းမြို့၊ ရွာမရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ ပအိုဝ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များ ခံစားနေရပါတယ်။ အိမ်ခြေ ၄၀၂ အိမ်ခန့်ရှိပါတယ်။ ရေလွှမ်းမိုးမှုဒဏ်ကြောင့် လယ်အချို့တွင် နှစ်ကြိမ်ခန့် ပြန်လည်စိုက်ပျိုးနေရခြင်း၊ အချို့နှစ်မြုပ်လယ်များတွင် ၃ ကြိမ်ခန့် ပြန်လည်စိုက်ပျိုးနေရခြင်းများရှိခဲ့ပြီး အချို့နေရာများတွင် လုံးဝပျက်စီးခဲ့ရပါတယ်။ နှစ်စဉ် တောကျွဲအင်း၊ တူမောင်၊ ခင်အင်းကြီး၊ ဆင်စလုပ်အစရှိတဲ့ကျေးရွာအုပ်စုများမှ လယ်ဧက ၁၀၀၀ ကျော်ခန့် ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်တွင် လယ်ဧက ၁၇၅၅ ဧကနှင့်စိုက်တောင်သူ ၂၆၇ ဦးခန့် ဒုက္ခခံခဲ့ရပါတယ်။ ၁၂-၇-၂၀၁၁ ရက်နေ့တွင် တစ်ကြိမ်၊ ၉ -၉-၂၀၁၁ ရက်နေ့တွင်တစ်ကြိမ် ရေလွှမ်းမိုးမှုခံခဲ့ရပါတယ်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများ၏တင်ပြချက်အရ လေ့လာသိရှိရသည်မှာ တောကျွဲအင်းမြို့၏မြောက်ဘက် ရေလွှမ်းမိုးခံရသောကျေးရွာအုပ်စုများ အတွင်း ဖြတ်သန်း၍စီးဆင်းနေသော သပိတ်ချောင်းသည် ယခင်ကအနက်ပေ ၁၀ ပေခန့်ရှိသော

ချောင်းဖြစ်ခဲ့ပြီး ယခုအခါ သဲချောင်းဖြစ်သည့်အလျှောက် ၄င်းသပိတ်ချောင်းမှာ ချောင်းတစ်လျှောက် နှစ်စဉ်သဲများပို့ချကာ ချောင်းကော၊ ချောင်းတိမ်ဖြစ်သွားခြင်းကြောင့် အနက် ၂ ပေခန့်သာ ရှိပါတော့သည်။ သို့ဖြစ်ပါ၍ နှစ်စဉ်မိုးရွာသွန်းမှုများတိုင်း နှစ်ကြိမ်၊ သုံးကြိမ်ခန့် ရေလွှမ်းမိုးမှုဒဏ်ကို အထက်ပါ ကျေးရွာအုပ်စုများမှ လယ်မြေများနှင့် အဆိုပါရပ်ကွက် ၃ ရပ်ကွက်မှ ပြည်သူများ ခံစားနေကြရပါတယ်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း ကျွေးရွာအုပ်စုအတွင်း နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ခံနေရခြင်းကို ကူညီဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အစီအစဉ်ရှိပါက ယခုနှစ်မိုးရာသီအမီ အလျင်အမြန်ဆောင်ရွက် ပေးပါရန် လေးစားစွာတင်ပြ အကူအညီတောင်းခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၏ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းကျေးရွာအုပ်စုအတွင်း လယ်ယာမြေများနှင့် လူနေအိမ်များနှစ်စဉ် ရေလွှမ်းမိုးခံရခြင်းကို ကူညီဖြေရှင်းပေးပါရန် အစီအစဉ်ရှိ၊ မရှိဟူသောမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ရှင်းလင်း ဖြေကြားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်ရှိ တောကျွဲအင်း ကျေးရွာအုပ်စုအတွင်း လယ်ယာမြေများနှင့် လူနေအိမ်များ နှစ်စဉ်ရေလွှမ်းမိုးခံနေရခြင်းမှာ တောကျွဲအင်းကျေးရွာမြောက်ဘက် တစ်မိုင်ခန့်အကွာမှ ဖြတ်သန်းစီးဆင်းသွားသော သပိတ်ချောင်း အတွင်းသို့ ပေါင်းစုံစီးဝင်လာသည့် ချောင်းများ၊ ရိုးများမှ ရေများကြောင့် မိုးရွာသွန်းမှုများချိန်တွင် သပိတ်ချောင်းရေ တစ်ဟုန်ထိုးမြင့်တက်လာပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ရပါတယ်။ တောကျွဲအင်း ကျေးရွာအုပ်စုများအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် သပိတ်ချောင်းသည် ပဲခူးရိုးမမှ စီးဆင်း လာသော ချောင်းတစ်ခုဖြစ်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၉၆ မိုင် ၀ ဖာလုံ နှင့် ၉၆ မိုင် ၁ ဖာလုံကြား ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင် ၁၂၈ မိုင် ၁ ဖာလုံနှင့် ၁၂၈ မိုင် ၂ ဖာလုံ အကြား ဖြတ်သန်း၍ ကွန်းချောင်းအတွင်းသို့ စီးဝင်ပါတယ်။ သပိတ်ချောင်း အတွင်းသို့လည်း

ဝန်းချောင်း၊ ကျွန်းချောင်းနှင့် အခြားရိုးငယ်များမှ ရေများစီးဝင်လျက်ရှိပါတယ်။ သပိတ်ချောင်းသည် ချောင်းတစ်လျှောက် သဲနုန်းပို့ချမှုကြောင့် ချောင်းတိမ်ကောမှု ဖြစ်ပေါ်လာပြီး ရေစီးရေလာကို အဟန့်အတားဖြစ်စေမှုကြောင့် ချောင်းတစ်လျှောက် ရေကောင်းစွာ မစီးဆင်းဘဲ ရေကြီး၊ ရေလျှံမှု ဖြစ်ပေါ်စေပါတယ်။ ရေကြီးနစ်မြုပ်မှု ကာကွယ်ရန်အတွက် နည်းလမ်းနှစ်ခု တင်ပြလိုပါတယ်။ ပထမနည်းလမ်းကတော့ သဲနုန်းပို့ချလျက်ရှိသည့် သပိတ်ချောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းမှာ ရေစီးဆင်းမှု အများဆုံးဖြစ်သည့် သပိတ်ချောင်း ပေါ်တွင် ရေလှောင်တမံငယ်တစ်ခု တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ပထမနည်းဖြစ်တဲ့ သပိတ်ချောင်းတစ်လျှောက် သဲနုန်းတူးဖော်ရန်နှင့်ပတ်သက်၍ ခန့်မှန်းခြေအားဖြင့် ဆောင်ရွက်ရမည့် ချောင်းအလျားမှာ ၆.၅ မိုင်ခန့် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အကောင်အထည် ဖော်ဆောင်ရွက်မည်ဆိုပါက အသေးစိတ်ကွင်းဆင်း လေ့လာတိုင်းတာမှုကို ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါတယ်။ ထို့အပြင် လုပ်ငန်းသဘောသဘာဝအရ နှစ်စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒုတိယနည်းလမ်းဖြစ်သည့် ရေစီးဆင်းမှုအများဆုံးဖြစ်သော သပိတ်ချောင်းပေါ်တွင် ရေလှောင်တမံငယ်တည်ဆောက်ပေးရန်နှင့်ပတ်သက်၍ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ ဇလဗေဒ၊ ဘူမိဗေဒနှင့် မြေပြင်စူးစမ်းလေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး စူးစမ်း လေ့လာမှုအရ ရရှိသည့်အချက်အလက်များအပေါ် မူတည်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိမှသာ ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နည်းလမ်းနှစ်ခုကို အသေးစိတ်စူးစမ်းလေ့လာမှုများ ဦးစွာဆောင်ရွက်ပြီး ရရှိသည့်အချက်အလက်များအပေါ် မူတည်၍ ဖြစ်မြောက်နိုင်စွမ်းရှိပြီး အကျိုး ကျေးဇူးပိုမိုရရှိနိုင်သည့် နည်းလမ်းဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး တင်ပြ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ တစ်ဆက်တည်းမှာ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီးတော့ ရန်ပုံငွေတွဲပါလာတာ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှု လိုအပ်တိုင်းမှာ ဒီရန်ပုံငွေ အချိန်မီရရှိမှသာ ဖြစ်တဲ့အတွက်ကြောင့် ယခုလုပ်ငန်းကိစ္စမှာလည်း ကျွန်တော်တို့ စူးစမ်း လေ့လာမှု ဆောင်ရွက်ပေးနိုင်သမျှကို ဖြစ်မြောက်နိုင်စွမ်းရှိတဲ့လုပ်ငန်းကို ဆောင်ရွက်ဖို့လိုအပ်တဲ့ အချိန်မှာ အချိန်နှင့်တစ်ပြေးညီ ရန်ပုံငွေရရှိရေးအတွက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များမှ ပါဝင်ကူညီပံ့ပိုးပေးပါရန် အနူးအညွတ်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှ ချို့ယွင်းလျက်ရှိသောမြောင်းလက်တံများအား ပြုပြင်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဇော်ဝင်းအောင်၊ မြင်းမူမဲဆန္ဒနယ်မှ မေးမြန်းဖို့ ပါတယ်။

**ဦးဇော်ဝင်းအောင်(မြင်းမူမဲဆန္ဒနယ်)။** ။ လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်အနေနဲ့ မြင်းမူမဲဆန္ဒနယ်မြေအတွင်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကနေ တည်ဆောက်ပေးထားခဲ့တဲ့ မြစ်ပေါက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဆပ္ပကုန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကွဲရိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ လက္ကပင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ခြေရာတော်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာများနှင့်ပတ်သက်ပြီး သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကို စာဖြင့် ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်အတွင်းမှာရှိတဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှာ ၁၁/၀.၄ ကေဗွီလျှပ်စစ်ဓာတ်အားများကို သုံးစွဲပြီး ၂၀၀ ကေဗွီအေ ထရန်စဖော်မာများ၊ ၅၀၀ ကေဗွီအေ ထရန်စဖော်မာများ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာများနှင့် ၉ ကျူးဆက်ပန့်များ၊ မော်တာများ၊ ပင်မမြောင်းများ၊ မြောင်းလက်တံများ ပြည့်စုံစွာဖြင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ပေါက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ လျာထားလယ်ဧက ၁၃၀၀ ကို ရေရရှိပြီး အကျိုးပြုနိုင်ရန်အတွက် တည်ဆောက်ထားခဲ့သော်လည်း မိုးစပါး ၉၉ ဧက၊ နွေစပါး ၅၀ ဧက၊ စုစုပေါင်း ၁၄၉ ဧကသာလျှင် အမှန်တကယ်ရေရရှိခဲ့တဲ့အတွက် လျာထားလယ်ဧက ၁၃၅၀မှာ လယ်ဧက ၁၄၉ ဧကသာ ရေရရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဆပ္ပကုန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ လျာထားလယ်ဧက ၇၅၀ အတွက် ရေရရှိပြီး အကျိုးပြုနိုင်ရန်အတွက် တည်ဆောက်ထားခဲ့သော်လည်း မိုးစပါး ၅၀ ဧက ၊ နွေစပါး ၉၁ ဧက၊ စုစုပေါင်း ၁၄၁ ဧက အမှန်တကယ်စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် လျာထားလယ်ဧက ၇၅၀ မှာ လယ်ဧက ၁၄၁ ဧကသာလျှင် အမှန်တကယ်ရေရရှိခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ကွဲရိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ လျာထားဧက ၅၀၀ အတွက် ရေရရှိပြီး အကျိုးပြုနိုင်ရန်အတွက် တည်ဆောက်ခဲ့သော်လည်း မိုးစပါး ၅၀ ဧကသာလျှင်

စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် လျာထားလယ်ဧက ၅၀၀ မှာ လယ်ဧက ၅၀ သာလျှင် အမှန်တကယ် ရေရရှိစိုက်ပျိုးနိုင်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ လက္ကပင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှာ လျာထားလယ်ဧက ၁၃၀၀ ရေရရှိပြီး အကျိုးပြုနိုင်ရန်အတွက် တည်ဆောက်ခဲ့သော်လည်း မိုးစပါး ၃၀ ဧက၊ နွေစပါး ၈၀ ဧက၊ စုစုပေါင်း ၁၁၀ ဧကသာလျှင် စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် လျာထားဧက ၁၃၀၀ မှာ လယ်ဧက ၁၁၀ သာလျှင် အမှန်တကယ်ရေရရှိခဲ့ကြောင်း လေ့လာသိရှိခဲ့ ရပါတယ်။ ခြေရာတော်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ လျာထားလယ်ဧက ၅၀၀ ကိုရေရရှိပြီး အကျိုးပြုနိုင်ရန်အတွက် တည်ဆောက်ခဲ့သော်လည်း မိုးစပါး ၄၀ ဧက ၊နွေစပါး ၃၂ ဧက၊ စုစုပေါင်း ၇၂ ဧက သာလျှင်စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် လျာထားဧက ၅၀၀ မှာ လယ်ဧက ၇၂ ဧက သာလျှင်ရေရရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူ မြို့နယ် အတွင်းမှာရှိတဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှာ လျာထားသတ်မှတ်တဲ့ အကျိုးပြု ဧကများကို ပြည့်မီအောင် ရေမရရှိနိုင်ခြင်းနဲ့ အမှန်တကယ် ရေရရှိသုံးစွဲနိုင်သော ဧကများဟာ ကွာခြားချက်များလွန်းနေတာကို တွေ့ရှိရပါတယ်။ မြင်းမူမြို့နယ်အတွင်းမှာရှိတဲ့ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများရဲ့ ပင်မမြောင်းများဟာ ၉ ကျူးစက်ပန့် ၄ လုံးရဲ့ ရေတင်နိုင်တဲ့ မြောင်းများ အဖြစ် တည်ဆောက်ခဲ့သော်လည်းပဲ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတိုင်းလိုလိုမှာ တပ်ဆင်ထားတဲ့ ၉ ကျူးစက်ပန့် ၂ လုံးနဲ့ ရေတင်နိုင်တဲ့ ရေထုထည်ပမာဏကို ပင်မမြောင်းတိုင်းလိုလိုဟာ မျှတအောင် ထိန်းသိမ်းပို့ဆောင်နိုင်အား မရှိခြင်းကြောင့် ယခုလို လျာထားအကျိုးပြုဧကများကို ရေပြည့်မီအောင် အကျိုးမပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများမှ အကျိုးပြုလျာထားဧကများ ရေရရှိပြီး နိုင်ငံတော်အကျိုး၊ နိုင်ငံသားများအကျိုးနဲ့ ဒေသလူမှုစီးပွားရေး ဖူလုံစေတဲ့ အကျိုးစီးပွားများကို အကျိုးဖြစ်ထွန်းစေနိုင်မယ့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် စီစဥ်ထားရှိတဲ့ အစီအစဥ် များကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်း

ဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်အတွင်း၌ရှိသော လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှ ချို့ယွင်း လျက်ရှိသော ပင်မမြောင်းများ၊ မြောင်းလက်တံမြောင်းများအား ပြန်လည်စိစစ်ပြုပြင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုပါကြောင်း မေးမြန်းထားခြင်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ဆက်လက်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်တွင်ရှိသော မြစ်ပေါက်၊ ဆပ္ပကုန်း၊ ကွဲရိုက်၊ လက္ကပင်၊ ခြေရာတော်မြစ်ရေတင်လုပ်ငန်းများမှာ လက္ကပင်တာတွင်တည်ဆောက်ထားသော ရေတင်လုပ်ငန်းများ ဖြစ်ပါတယ်။ လက္ကပင်တာအား ဆည်မြောင်းဦးစီးဌာနမှ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ဘေးတစ်လျှောက် ရေကြီးနစ်မြုပ်သော ဧရိယာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ဧရာဝတီမြစ်ရေကြီးချိန်တွင် စိုက်ပျိုးရေလိုအပ်ပါက ရေသွင်းပေးနိုင်ရန်လည်းကောင်း၊ ရေမလိုအပ်ချိန်တွင် ရေထုတ်နုတ်ပေးနိုင်ရန်လည်းကောင်းရည်ရွယ်၍ တည်ဆောက်ပေးထားခဲ့ခြင်း ဖြစ်ပါတယ်။

လက္ကပင်တာပေါင်ပေါ်တွင်ရှိသော လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများသည် ဧရာဝတီမြစ်ရေတက်မှုနောက်ကျသော အခြေအနေများတွင် ပျိုးထောင်စိုက်ပျိုးရေအတွက် ရေတင်ပေးနိုင်ရန်လည်းကောင်း၊ လက္ကပင်တာအတွင်းရှိ ရေကျနောက်စိုက်စပါးများအား အောင်ရေနှင့် ဖြည့်စွက်ရေပေးဝေနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မြစ်ပေါက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအား ရေပေးမြောင်းပေအရှည် ၃၀၀၀ ပေနှင့် အကျိုးပြုဧရိယာ ၁၃၅၀ အားရေပေးနိုင်ရန် ၉ ကျူးဆက်ပန့် ၂ စုံ၊ ၂ ကျူးဆက်ပန့် ၃ စုံ တပ်ဆင်၍လည်းကောင်း၊ ဆပ္ပကုန်းလျှပ်စစ်ရေတင်လုပ်ငန်းအား ရေပေးမြောင်း ပေအရှည် ၃၀၀၀ ပေ ဖြင့် အကျိုးပြုဧက ၇၅၀ အား ရေပေးနိုင်ရန် ၉ ကျူးဆက်ပန့် ၂ စုံ၊ ၂ ကျူးဆက်ပန့် ၂ စုံ တပ်ဆင်၍ လည်းကောင်း၊ ကွဲရိုက် လျှပ်စစ်ရေတင်လုပ်ငန်းအား ရေပေးမြောင်း ပေရှည် ၂၅၀၀ ပေဖြင့် အကျိုး ပြုဧက ၅၀၀ အားရေပေးနိုင်ရန် ၉ ကျူးဆက်ပန့် ၂ စုံ၊ ၂ ကျူးဆက်ပန့် ၁ စုံ တပ်ဆင်၍လည်းကောင်း၊ လက္ကပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအား ရေပေးမြောင်း အရှည် ၃၀၀၀ ပေဖြင့် အကျိုးပြုဧက ၈၀၀ အား ရေပေးနိုင်ရန် ၉ ကျူးဆက်ပန့် ၃ စုံ၊ ၂ ကျူးဆက်ပန့် ၁ စုံ တပ်ဆင်၍လည်းကောင်း၊ခြေရာတော် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအား ရေပေးမြောင်းပေအရှည် ၂၀၀၀ ပေဖြင့် အကျိုးပြုဧက ၅၀၀ အား ရေပေးနိုင်ရန် ၉ ကျူးဆက်ပန့် ၂ စုံ၊ ၂ ကျူးဆက်ပန့် ၁ စုံ တပ်ဆင်၍လည်းကောင်း စိုက်ပျိုးရေပေးဝေနိုင်ရေးဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ မြစ်ရေတင်လုပ်ငန်းများမှာ မြစ်ရေအဝင်အရပ်များတွင် တည်ဆောက်ထားပြီး မြေသား မြောင်းများဖြစ်သည့်အတွက် နှစ်စဉ်မြစ်ရေဖုံးလွှမ်းမှုကြောင့်လည်းကောင်း၊ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်း ကြောင့်လည်းကောင်း၊ လက္ကပင်တာအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ကျိုးပေါက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့၍ ရေပေးမြောင်းများနှင့် ရေပေးအဆောက်အအုံအချို့ ပျက်စီးခဲ့ပါတယ်။ မူလလျှပ်စစ် ဓာတ်အားရရှိမှုအခြေအနေအရ ၂ ကျူးဆက်ပန့်နှင့် ၁၅ ကီလိုဝပ်မော်တာသာအသုံးပြု၍ ရေပေးဝေ ခဲ့ရခြင်း၊ မြစ်ရေဝင်ဒေသများတွင် တည်ဆောက်ထားသော မြေသားမြောင်းများဖြစ်၍ ကြံ့ခိုင်မှုအား နည်းပြီး နှစ်စဉ်ပျက်စီးမှုများရှိခြင်း၊ တောင်သူများအနေဖြင့် အနိမ့်တင်ရေတင်ပန့်များ အသုံးပြု၍ ၎င်းတို့အစီအစဉ်ဖြင့် ရေသွင်းစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ဌာနမှရေပေးဧက လျော့နည်းရခြင်းဖြစ်ပါ တယ်။ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် မူလတပ်ဆင်ထားသော ၆.၆/၀.၄ ကေဗွီအေ ဓာတ်အားခွဲရုံများနေရာတွင် ၁၁/၀.၄ ကေဗွီအေဓာတ်အားခွဲရုံများ အစားထိုးတပ်ဆင်ခြင်း၊ ၉ ကျူးဆက်ပန့်နှင့် ၅၅ ကီလိုဝပ်မော်တာများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများအား ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။

ဆက်လက်၍ ပင်မမြောင်းများ ပြန်လည်ပြုပြင်ခြင်း၊ မြောင်းပေါင်နှင့် မြောင်းဆလံများ ခိုင်မာ ကြံ့ခိုင်ရေးလုပ်ငန်းများနှင့် လက်တံမြောင်း၊ လက်ကြားမြောင်းများ ပြုပြင်ရန်အတွက် ခန့်မှန်းမြေကြီး ကျင်း ၁၄၂၅၀ ခန့် လုပ်ငန်းဆောင်ရွက်ရန်နှင့် ချို့ယွင်းပျက်စီးသွားသော ရေပေးအဆောက်အအုံ အချို့ ပြန်လည်ပြုပြင်ရန် လိုအပ်သည့်အနက် ၂၀၁၁-၂၀၁၂ ခုနှစ် ရေပေးမြောင်းများ ပြုပြင်ခြင်း လုပ်ငန်း များအတွက် မြေကြီးကျင်း ၇၀၀၀ အတွက် ရန်ပုံငွေကျပ် ၁၂.၃၄ သန်း ခွင့်ပြုပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ရှိသောမြေကြီးလုပ်ငန်းနှင့် ချို့ယွင်းပျက်စီးနေသော ရေပေး အဆောက်အအုံအချို့အား ၂၀၁၂-၂၀၁၃ ခုနှစ် ရန်ပုံငွေဖြင့် ပြုပြင်ရန်ဆောင်ရွက်ထားပြီးဖြစ်၍ စိုက်ပျိုးဧက ပိုမိုတိုးတက်ရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှစ်ခုပေါ်မှာမူတည်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားခဲ့ပါတယ်။ မေးခွန်း (က) နှင့်ပတ်သက်ပြီးတော့ နယ်မြေရဲ့အခြေအနေနဲ့ အတွေ့ အကြုံအရအကြံပြုရမယ်ဆိုရင် ဆည်တစ်ခုတည်ဆောက်ဖို့ထက် ကောနေတဲ့ချောင်းကို သဲနုန်းများ ဖော်ပေးတာ ပိုပြီးတော့သင့်လျော်နိုင်ပါတယ်။ ဦးခင်ဇော်တင်ပြချက်အရ အလျားမိုင် ၆.၅ မိုင်ဖြစ်တဲ့ အတွက် ဒီအလျားမိုင် ၆.၅ မိုင်ကို Backhold Excavator နဲ့လုပ်မယ်ဆိုရင် သိပ်ပြီးတော့ ကြာကြာ လုပ်စရာမလိုဘူးလို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ နယ်မြေကိုလေ့လာပြီးတဲ့အခါမှာ ပထမနည်းလမ်းကို

စဥ်းစားပြီး လိုအပ်မယ့်ရန်ပုံငွေကို တောင်းခံမယ်ဆိုရင် ဒီနှစ်အတွက် တစ်ခါတည်းပြီးသွားနိုင်မယ့် ကိစ္စဖြစ်ပါတယ်။ ဒါအကြံပြုချက်ပါ။ သက်ဆိုင်ရာပညာရှင်များအနေနဲ့ စဥ်းစားဆောင်ရွက်ပေးနိုင်အောင်ဖြစ်ပါတယ်။ နောက် မေးခွန်း (ခ) နှင့်ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားသွားတာဟာ အင်မတန်ပြည့်စုံပါတယ်။ သို့ရာတွင် ခုနက တင်ပြချက်အရ သတ်မှတ်လျာထားချက် ဧကတွေ မမီဘဲနဲ့ ဖြစ်နေရတယ်ဆိုတာ သက်ဆိုင်ရာတာဝန်ရှိတဲ့ဌာနကလည်း ဌာနအနေနဲ့ စိစစ်ဖို့လိုပါမယ်။ အခု တင်ပြချက်ဟာ ပညာရှင်လည်းမဟုတ်ပါဘူး။ ပြည်သူ့ကိုယ်စားလှယ်သာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြချက် မှန်၊ မမှန်။ မှန်လို့ရှိရင်လည်း ဟုတ်၊မဟုတ်ဆိုတာလည်း ပြန်သုံးသပ်ဖို့လိုပါမယ်။ ထိုနည်းတူစွာပဲ တင်ပြချက်မှာ ၉ ကျူးဆက်ပန့် တစ်လုံး၊ ရေတင်စက်ဒဏ်ခံနိုင်ပြီး ၉ ကျူးဆက်ပန့် ၂ လုံး အသုံးပြုသော ရေတင်ဒဏ်ကို မခံနိုင်သောကြောင့် ပင်မမြောင်းများရေလျှံခြင်း၊ ကျိုးပြတ်ခြင်းများ ဖြစ်ပေါ်နေသဖြင့် မြောင်းလက်တံများအထိ ရေမရောက်နိုင်သည့်အနေအထားရှိနေသည်ဟု သိရပါသည်။ ဒီနေရာမှာလည်း မူလဒီဇိုင်းအတိုင်း ဆောက်လုပ်ခဲ့တယ်။ ဆောက်လုပ်ခဲ့တဲ့အခါမှာလည်း သူ့ရဲ့လုပ်ထုံးလုပ်နည်းအရ Completion Certificate ရှိ၊ မရှိ။ ပြီး၊ မပြီးနဲ့ တကယ်လို့ Complection Certificate ရှိတယ်။ သတ်မှတ်ထားတဲ့အတိုင်း ဆောင်ရွက်ထားတယ်ဆိုရင်တော့ လည်းပြီးပြီပေါ့။ မဟုတ်ဘူးဆိုလို့ရှိရင်တော့ ဒါလည်း ပြန်သုံးသပ်ပြီးတော့ လိုအပ်သလို ဆက်လက်ဆောင်ရွက်ဖို့လိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လယ်သမားတွေ၊ ပြည်သူတွေလိုအပ်ချက်ကိုတော့ မှန်ကန်စွာ မိမိတို့က ဖြည့်ဆည်းပေးရမှာဖြစ်တဲ့အတွက် ဒါလည်း ခုနက တင်ပြသလို ဆက်လက်ဆောင်ရွက် ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းကိုပြောမယ်ဆိုရင် နံပါတ်(၁) ပြန်လည်သုံးသပ်ပါ။ (၂) သုံးသပ်တဲ့နေရာမှာ Completion Certificate မှာမူလသတ်မှတ်ထားတဲ့အတိုင်း ၉ ကျူးဆက် ၂ လုံးတပ်ဖို့အတွက် မြောင်းတွေဖောက်ပြီးပြီလို့ဖော်ပြထားတယ်ဆိုရင် ဒီနေ့တွေ့ရှိချက်နဲ့ လွဲနိုင်တဲ့အတွက် ဒါလည်း ပြန်လည်ပြင်ဆင်သုံးသပ်ပေးဖို့လိုမယ်လို့ သုံးသပ်ပြောလိုပါတယ်။ ကောင်းပါပြီ။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကိုင်းဖျား၊ ကိုင်းနားများထုတ်လုပ်မှုနှင့် စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဌ** ။ ။ ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပတ်သက်၍ နိုင်ငံတော်နှင့် ပြည်သူများရဲ့အကျိုးကို မျှော်မှန်းကာ ကိုင်းဖျားကိုင်းနားထုတ်လုပ်၍ ဘတ်ဂျက်လိုငွေအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟုယူဆပြီး အခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းမှုအား စာဖြင့်ဖတ်ကြားမေးမြန်းခွင့်ပြုပေးပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသဟာ သစ်ထွက်ရှိတဲ့ ဒေသတစ်ခုအနေဖြင့် သစ်တောကဏ္ဍမှာ နိုင်ငံတော်၏ဘတ်ဂျက်လိုငွေအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စဉ်းစားရာမှ သစ်တောကဏ္ဍမှာ လေလွင့်ပျက်စီးဆုံးရှုံးနေတဲ့ ကိုင်းဖျားကိုင်းနားများကိစ္စနှင့်ပတ်သက်၍ အခုလို မေးမြန်းရန်အတွက် ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသဟာ သစ်များစွာထွက်ရှိသောဒေသဖြစ်ပြီး နိုင်ငံတော်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကျွန်းသစ်တန် ၁၀၀၀၀ ကျော်နှင့် သစ်မာတန် ၂၀၀၀၀ ကျော်၊ စုစုပေါင်း တန်ပေါင်း ၃၀၀၀၀ ကျော်ခန့် ထုတ်လုပ်မှာဖြစ်ပြီး ကိုင်းဖျားကိုင်းနား အနည်းငယ်သာ ထုတ်လုပ်ရန်ရှိကြောင်းနှင့် သစ်မာကိုတော့ ကိုင်းဖျားကိုင်းနား လုံးဝထုတ်လုပ်ရန်မရှိကြောင်းကို စုံစမ်းမေးမြန်းမှုမှသိရှိရပါတယ်။ တစ်နိုင်ငံလုံးအနေဖြင့်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကျွန်းကုဗတန် ၂၃၂၉၈၆ တန်နှင့် သစ်မာတန် ၂၂၆၃၂၅၈ တန်၊ စုစုပေါင်း ၂၄၉၆၂၄၄ တန် ထုတ်လုပ်မှာဖြစ်ပြီး ကိုင်းဖျားကိုင်းနား တန်ပေါင်း ၂၃၂၉၄ တန်သာ ထုတ်လုပ်မှာ ဖြစ်ကြောင်းလည်းလေ့လာသိရှိရပါတယ်။ ကိုင်းဖျားကိုင်းနား ထုတ်လုပ်မှုရာခိုင်နှုန်းဟာလည်းပဲ အလွန်နည်းနေတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုင်းဖျားကိုင်းနားထုတ်လုပ်မှုအား ကျွန်းသာမက သစ်မာများကိုလည်း ထုတ်လုပ် သင့်လှပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ သစ်မာတန်ပေါင်း ၂၂၆၃၂၅၈ တန် ထုတ်လုပ်မှာ ဖြစ်တဲ့အတွက် ကိုင်းဖျားကိုင်းနား ၂၅ ရာခိုင်နှုန်း ထုတ်လျှင်တောင်မှ တန်ပေါင်း ၅၀၀၀၀၀ ကျော်ခန့် ထွက်ရှိမှာဖြစ်ပါတယ်။ ယနေ့ သစ်လုံးတစ်တန် အနည်းဆုံးကျပ် ၁၀၀၀၀၀ နှုန်း တွက်ချက်ပါက ကျွန်းနှင့်သစ်မာ ကိုင်းဖျားကိုင်းနားတန်ပေါင်းဟာ ၅၀၀၀၀၀ ကျော်ခန့်ရှိမှာ ဖြစ်တဲ့အတွက် ကျပ်သန်းပေါင်း ၅၀၀၀၀ ကျော်ခန့် နိုင်ငံတော်ဝင်ငွေအဖြစ် ရရှိနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ အမြတ်မရရှိသည့်တိုင် ပြည်သူများရဲ့ သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာလည်း ရောက်မှာ ဖြစ်ပါတယ်။ သေချာသော လုပ်ငန်းကြီးလည်းဖြစ်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူများ အတွက် အကျိုးရှိရှိအသုံးချနိုင်ပါက ပိုမိုသင့်မြတ်လှပါကြောင်းလည်း ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဖိုးထိုက်တန်လှတဲ့ သစ်ကိုင်းဖျားကိုင်းနားများကို မထုတ်လုပ်တဲ့အတွက် တောထဲမှာပဲ မီးလောင်ပျက်စီးဆုံးရှုံးရခြင်းကြောင့် နိုင်ငံတော်အတွက်များစွာ နစ်နာလျက်ရှိနေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကိုင်းဖျားကိုင်းနားများကို ထုတ်လုပ် အသုံးချ၍ ပရိဘောဂများ၊ ကြမ်းခင်းများ၊ မျက်နှာကျက်များ၊ တံခါးကျည်းခွေများ၊ တံခါးပေါက်များ အစရှိသဖြင့် အဖိုးတန်လူသုံးကုန်ပစ္စည်းအမျိုးမျိုး ပြုလုပ်ကြခြင်းဖြင့်လည်း ပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးနိုင်ပြီး ဝင်ငွေများလည်းရရှိကြမှာ ဖြစ်ပါ တယ်။ ဒေသအလိုက် သစ်များရှားပါးလာမှုများကြောင့် သစ်စျေးနှုန်းများမှာလည်း မြင့်မားနေပြီ ဖြစ်ပါတယ်။ ပြည်သူများရဲ့ သစ်လိုအပ်ချက်များကြောင့် သစ်အပင်ကောင်းများ ခုတ်လှဲမှုကိုလည်းပဲ လျှော့ချပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင်လည်း အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုင်းဖျားကိုင်းနား ထုတ်လုပ်ရာမှာ အချို့သော ပုဂ္ဂလိကလုပ်ငန်းရှင်များဟာ အပင်ကောင်းများကိုပါ ဥပဒေမဲ့ ထုတ်လုပ်ခြင်းများ ရှိကြောင်းကိုလည်း လေ့လာမှတ်သားမိပါတယ်။ ဤကဲ့သို့သော အန္တရာယ်များမှ ကာကွယ်ရန်ကိုလည်း လိုအပ်ပါက ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ သစ်အတိုတိုင်းဟာ ကိုင်းဖျားကိုင်းနားများ မဖြစ်နိုင်ပါ၍ အကြံပြုလိုတာကတော့ ကိုင်းဖျားကိုင်းနား ဆိုသည်မှာ ထိပ်နှစ်ဖက်ဖြတ်ပိုင်းတွင် ဂွဆုံအမှတ်အသားပါသော အကိုင်းသစ်ကိုဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး ဂွဆုံအမှတ်အသား ထိပ်နှစ်ဖက်ဖြတ်စ၌ မပါသောသစ်ဟာ တရားမဝင်သစ်အဖြစ် သတ်မှတ်ကာ စစ်ဆေးအရေးယူခြင်းများဖြင့် ကာကွယ်မှုများကို စနစ်တကျဆောင်ရွက်ပါက မသမာသောနည်းလမ်းဖြင့် ကိုင်းဖျားကိုင်းနားသစ်များ ထုတ်လုပ်မှုအားကာကွယ်နိုင်မည်ဟု ယူဆမိပါတယ်။ ကိုင်းဖျားကိုင်းနားထုတ်လုပ်မှုကြောင့်လည်း သဘာဝပတ်ဝန်းကျင်အား ထိခိုက်ဆုံးရှုံးမှုမရှိခြင်းကြောင့်လည်း ထုတ်လုပ်သင့်လှပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နိုင်ငံတော်ဝင်ငွေရရှိရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ သစ်ထုတ်လုပ်မယ့် ကျွန်းနှင့် သစ်မာတန် စုစုပေါင်း ၂၄၉၆၂၄၄ တန် ထုတ်လုပ်ရာမှာ ကိုင်းဖျား ကိုင်းနားအနည်းဆုံး ၂၅ တန်နှုန်းထုတ်လုပ်ပါက ထွက်ရှိနိုင်တဲ့ ကိုင်းဖျားကိုင်းနား ခန့်မှန်းတန် ၅၀၀၀၀၀ ကျော်တန်အား နိုင်ငံတော်ဝင်ငွေပိုမိုရရှိရေးအတွက် ထုတ်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့် အခက်အခဲများကြောင့်ဖြစ်ကြောင်း သိရှိလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့ ကိုင်းဖျားကိုင်းနားထုတ်လုပ်သင့်ပါတယ်ဆိုတဲ့အကြောင်း မေးမြန်းမှုနှင့်ပတ်သက်၍ ကျွန်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် ထုတ်ပြန်ကြေညာထားတဲ့ မြန်မာ့သစ်တောမူဝါဒပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အတွင်းမှာရှိတဲ့ သစ်တောသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်ရေရှည် အကျိုးရှိစွာထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ထာဝစဉ်တည်တံ့ခိုင်မြဲသော သစ်တောစီမံအုပ်ချုပ်မှုစနစ် (Sustainable Forest Managements)ကို အခြေခံပြီးတော့ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်း နည်းစနစ်ဖြင့် သစ်ထုတ်တဲ့လုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်း နည်းစနစ်ကယေဘုယျအားဖြင့် ကျွန်းနှင့်သစ်မာများ ခုတ်လှဲရမည့် လုံးပတ်များနှင့်ကာလတို့ကို သိပ္ပံနည်းကျကျတွက်ချက်ပြီးတော့ သတ်မှတ်ခြင်းနှင့် နှစ်စဉ်ခုတ်လှဲရမည့် ကျွန်းနှင့်သစ်မာပမာဏ တွက်ချက်သတ်မှတ်ခြင်း နည်းလမ်းများဖြင့်စနစ်တကျဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ သစ်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် သစ်လုံးများအား ခုတ်လှဲဖြတ်တောက်ပြီးတဲ့နောက် ကျန်ရှိတဲ့ ကိုင်းဖျားကိုင်းနားများ ကိုလည်း လေလွင့်ပြုန်းတီးမှုမရှိစေရေးနှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးမြှင့်ရရှိစေရေးတို့အတွက် အလေးထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ခါးလယ်လုံးပတ် ၄ ပေအောက်၊ အရှည် ၁၀ ပေအောက်နဲ့ ကုဗပေ ၁၀ အောက်ရှိသည့်ကိုင်းများ၊ ၁၀ အောက်မှာရှိသောသစ်များကို ကိုင်းဖျားကိုင်းနားလို့သတ်မှတ်ပြီးတော့ ထွက်ရှိနိုင်တဲ့ကိုင်းဖျားကိုင်းနားများ ပမာဏမှာလည်း ထုတ်လုပ်သည့်သစ်ပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်းစိစစ်တွေ့ရှိရပါတယ်။ လက်ရှိ ကျွန်းကိုင်းဖျားကိုင်းနားများကိုသာထုတ်လုပ်နိုင်ပြီးတော့ သစ်မာကိုင်းဖျားကိုင်းနားများကို ထုတ်လုပ်နိုင်ခြင်းမရှိနိုင်ပါကြောင်း နဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်များအတွင်း ထုတ်လုပ်တဲ့စာရင်းဇယားများကိုပြန်လည်စစ်ဆေးချက်အရ ကျွန်းကိုင်းဖျားကိုင်းနားထွက်ရှိမှုပမာဏသည် စုစုပေါင်းထုတ်လုပ်သည့် ကျွန်းသစ်၏ ၇.၈ ရာခိုင်နှုန်းခန့်ရှိကြောင်းတွေ့ရှိရပါတယ်။ ကျွန်းကိုင်းဖျားကိုင်းနားများထုတ်လုပ်ရာတွင် သတ်မှတ်သည့် ၁၀ ရာခိုင်နှုန်းမပြည့်ရသည့် အကြောင်းရင်းများမှာ ကျွန်းပင်တစ်ပင်အား

ခုတ်လှဲရာတွင် မြေကြီးမှရွက်အုပ်အထိ အပင်အမြင့်၏သုံးပုံနှစ်ပုံခန့်မှာပင်စည်ဖြစ်ပြီး ကျန်သုံးပုံတစ်ပုံခန့်မှာ အဖျားပိုင်းနှင့် ကိုင်းဖြတ်များဖြစ်ပါတယ်။ ကျွန်းသစ်အားလုံး အနည်းဆုံးခါးလယ်လုံးပတ် ၃ ပေအထိ ဖြတ်ပိုင်းပေးပြီးတော့ ထုတ်လုပ်ရယူရပါတယ်။ ကျန်ရှိသည့်အပိုင်းများမှာ ကွေ့ကောက်သည့် ကိုင်းတက်များ၊ လုံးပတ် ၂ ပေ အထိ အတိုများ၊ အနှစ်အသားမပါသည့် သစ်ညှပ်များသာ ကျန်ရှိပြီးတော့ ပိုင်းဖြတ်ထုတ်ယူပါက အများဆုံး ၁၀ ရာခိုင်နှုန်းအောက်သာထွက်ရှိပါတယ်။ ၁၀ ရာခိုင်နှုန်းအထိ ထုတ်ယူပြီး၊ ကျန်ရှိသောအပိုင်းများမှာလည်း သစ်ခွဲသားအဖြစ်ခွဲစိတ်၍မရနိုင်သော အပိုင်းများနှင့် ကိုင်းတက်များသာကျန်ရှိပြီး ထုတ်လုပ်သယ်ဆောင်ပါက ဖြတ်တောက်ရခြင်း၊ အကွေ့အကောက်များဖြစ်၍ စက်ယန္တရားကရိန်းဖြင့်သယ်ဆောင်၍မရဘဲ လူအင်အားဖြင့်တင်ဆောင်ရခြင်း၊ ခွဲသားထွက်ရှိမှုမရှိခြင်းတို့ကြောင့် ထုတ်လုပ်သယ်ယူစရိတ်နှင့် ပြန်လည်ရောင်းချပါက ရရှိသည့် ဝင်ငွေနှင့် ကုန်ကျစရိတ်တွက်ခြေကိုက်မှုမရှိ၍ ချန်ထားခဲ့ရခြင်းဖြစ်ပါတယ်။ သစ်မာကိုင်းဖျားကိုင်းနားများထုတ်လုပ်ဆောင်ရွက်နိုင်မှုမရှိခြင်းမှာ သဘာဝတောတွင် သစ်မာပေါက်ရောက်မှုကျဲပါးသဖြင့် တစ်ပင်နှင့်တစ်ပင် အလှမ်းဝေးကွာပြီး ထုတ်လုပ်ကုန်ကျစရိတ်နှင့် ပြည်ပကိုတင်ပို့ရောင်းချသည့်ဈေးကွက်၊ ပြည်တွင်းတွင်ရှိသောဈေးကွက်နှင့် သစ်ခွဲသားအဖြစ် ခွဲစိတ်ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ကုန်ကျစရိတ်နှင့်ဝင်ငွေ တွက်ခြေမကိုက်ခြင်း၊ ကိုင်းဖျားကိုင်းနားထုတ်လုပ်ရန်အတွက် ဖြတ်ပိုင်းခ၊ သယ်ဆောင်ခ၊ တင်ခ၊ ချခ၊ ကားခများဈေးမြင့်ပြီးတော့ ပြည်ပတွင်ဈေးကွက်မရှိခြင်း၊ သစ်ခွဲသားအဖြစ် ခွဲစိတ်နိုင်မှုမရှိခြင်းတို့ကြောင့် ပြည်တွင်းပြည်ပဈေးကွက်များအရ တွက်ခြေမကိုက်ခြင်းကြောင့် မထုတ်လုပ်နိုင်ခြင်းဖြစ်ပါတယ်။ ကျွန်းသစ်ကိုင်းဖျားကိုင်းနားထုတ်လုပ်ရာတွင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိဝန်ထမ်းများအား ကိုင်းဖျားကိုင်းနားသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စနစ်တကျကွင်းဆင်းစစ်ဆေးစိစစ်ဆောင်ရွက်ပြီးတော့ ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ မြန်မာ့သစ်လုပ်ငန်းကိုယ်စား ကုမ္ပဏီလုပ်ငန်းရှင်များမှ သစ်ထုတ်လုပ်ဆောင်ရွက်ရာတွင် အတွေ့အကြုံများအရ ကိုင်းဖျားကိုင်းနား ၁၀ ရာခိုင်နှုန်းပြည့်မီရန်အတွက် ကျွန်းပင်ပျိုများကိုခုတ်လှဲပြီး အစားထိုးထုတ်ယူခဲ့သည့် ဖြစ်စဉ်များစွာပေါ်ပေါက်ခဲ့သည့်အတွက် စစ်ဆေးအရေးယူရခြင်းများပြုလုပ်ခဲ့ရပါတယ်။ ယင်းဖြစ်စဉ်မျိုးများကြောင့် ထာဝစဉ်တည်တံ့ခိုင်မြဲသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်အပေါ် ထိခိုက်သည့်အကျိုးဆက်များလည်းဖြစ်ပေါ်စေခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်းတွင်ဖော်ပြထားသည့်အတိုင်း ကိုင်းဖျားကိုင်းနားထွက်ရှိမှု ခန့်မှန်းသည့်တန်ဖိုးမှာ လက်တွေ့အတွေ့အကြုံနှင့် စိစစ်ချက်များအရများပြားနေပါကြောင်း နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိရေးနှင့် သယံဇာတလေလွင့်ပြုန်းတီးမှုမရှိစေရေးအတွက် ကျွန်းကိုင်းဖျားကိုင်းနားများကို

စနစ်တကျစိစစ်ထုတ်ယူသွားမည်ဖြစ်ပါကြောင်းနှင့် ဖော်ပြပါစီးပွားရေးတွက်ခြေမကိုက်မှုနှင့် မသမာမှုများတားဆီးကာကွယ်ရမည့် အခြေအနေများကြောင့် သစ်မာကိုင်းဖျားကိုင်းနားများ ထုတ်လုပ်မှုကို လက်ရှိကာလတွင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း သို့ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝတောမှ နှစ်စဉ်ထုတ်လုပ်မှုတန်ပမာဏကို ယခုနှစ်မှစတင်ပြီးတော့ အချိုးကျလျှော့ချသွားမည်ဖြစ်ရာ ကိုင်းဖျားကိုင်းနားများသည်လည်း အချိန်အတောအတွင်းမှာ အတိုင်းအတာတစ်ခုအထိ အသုံးဝင်လာနိုင်မည်ဖြစ်ပါ၍ ဈေးကွက်အခြေအနေအရထုတ်လုပ်လာနိုင်ပါက လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုသည့်အတိုင်း အနာဂတ်တွင်သစ်မာကိုင်းဖျားကိုင်းနားများကိုလည်းထုတ်လုပ်ရန် စီမံဆောင်ရွက်မှုများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**သစ်တောကြိုးဝိုင်း(၃)ခုမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ၄င်းဒေသရှိတောင်သူလယ်သမားများ၏အခြေအနေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးကိုကိုလွင်၊ မော်ကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကိုလွင်(မော်ကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားတဲ့ ဧည့်သည်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ဒေသရဲ့ ပြည်သူများရဲ့ တင်ပြချက်တစ်ခုကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းမျိုးကို မကွေးတိုင်းက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ မေးမြန်းပြီး ဖြစ်ပါတယ်။ နေရာဒေသပဲ ကွာပြီးတော့ ဖြစ်စဉ်တူတဲ့အတွက် ဝန်ကြီးဌာနကဖြေမယ့်အဖြေကလည်း တူမယ်လို့ပဲ မှန်းဆပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးအပြီးမှာ ကျွန်တော်တို့ ဒေသတွေဆင်းတဲ့အခါမှာ ဒီဒေသတွေရဲ့ ကိုယ်စားလှယ်တွေက ပြည်သူ့ကိုယ်စားလှယ်တွေ ကျွန်တော်တို့ ဒီကိစ္စကို တင်ပြပေးပါလို့ အခါခါပြောဆိုတဲ့အတွက် ထပ်မံတင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ်ကွဲကြိုးဝိုင်း၊ ကလရိုက်ကြိုးဝိုင်း၊ ညီနောင်ကြိုးဝိုင်း၊ သစ်တောကြိုးဝိုင်း ၃ ခုရှိပါတယ်။ သစ်တောဧရိယာ ၅၄၂၃၂ ဧက ရှိပါတယ်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကတည်းက တောင်သူများဟာ သစ်တောကြိုးဝိုင်းအတွင်းမြေယာခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေအဖြစ်စိုက်ပျိုးထုတ်လုပ်ပြီး ဝင်ရောက်နေထိုင်ခဲ့ရာ ယခု ၂၀၁၁ -၂၀၁၂ မှာ လယ်ဧက ၃၅၃၆၂ ဧက၊ ဥယျာဉ် ၃၁၂၅ ဧက၊ ဓနိ ၃၈၈ ဧကနဲ့ လူနေအိမ်ခြေနဲ့ အခြားသုံး ၁၅၃၅၇

ဧက စုစုပေါင်း ၅၄၂၃၂ ဧက ရှိပါတယ်။ ကျေးရွာအုပ်စုကြီး ၈ ခုလည်း ဆက်စပ်ပေါ်ပေါက်လျက်ရှိပါတယ်။ အလွယ်ဆုံးလွှတ်တော်ဥက္ကဋ္ဌကြီး သိဖို့ ပြောရမယ်ဆိုရင် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ ဖြစ်တဲ့ နာဂစ်မုန်တိုင်းဟာ အဲဒီဒေသကပဲ ဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ ပြည်သူလူထု ၁၀၀၀၀ ကျော် သေဆုံးသွားတဲ့နေရာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျေးရွာအုပ်စုငယ် ပေါင်း ၇၀ ကျော်တည်ရှိနေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရလက်ထက်က ဒီဒေသမှာ နိုင်ငံတော် အစိုးရရဲ့ပံ့ပိုးကူညီမှု ကုလသမဂ္ဂရဲ့ ကူညီမှု NGO ပြည်တွင်းပြည်ပအလှူရှင်များကြောင့် Cyclone Shelter, Cyclone Monestry, Cyclone School, Hill Lock စတဲ့ ရွာပေါင်းရွာစုတွေ စုပေါင်းတည်ဆောက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီဒေသဟာ တော်တော်စည်စည်ကားကားနဲ့ ပြည့်ပြည့်စုံစုံဖြစ်နေတဲ့ နေရာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ အခါသင့်လို့ ကျွန်တော်တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ မေးခွန်း ၇ ခု၊ ကြယ်ပွင့်ပြတစ်ခုနဲ့ ကြယ်ပွင့်မပြတဲ့မေးခွန်း ၆ ခုမေးခဲ့ပါတယ်။ ကျွန်တော်တို့ အခု တင်ပြချက်နဲ့ ဆက်စပ်ပြီးတော့ ကြယ်ပွင့်မပြတဲ့မေးခွန်းတစ်ခုမှာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကိုလည်း ဆီလျော်တဲ့အတွက် ထည့်သွင်းတင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ ကျွန်တော့်ကို ဖြေကြားတဲ့ အဖြေထဲက ကောက်နုတ်ချက်ကို ကျွန်တော် ဖော်ပြပါရစေ။ စားကျက်မြေဧကများကို ကျေးရွာမှ သိမ်းယူပြီးတော့ ဌာနဆိုင်ရာရယူတဲ့ ကိစ္စတွေကို ကျွန်တော်မေးခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက မော်လမြိုင်ကျွန်းမြို့နယ်၊ သစ်တိုသိမ် ကျေးရွာ ကွင်း၊ နွားစားကျက်မြေမှ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် ချထားပေးခဲ့သော မြေ ၁၅၀ ဧက တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဧက ၁၀၀၊ မြေစာရင်းဦးစီးဌာနမှ ဧက ၅၀ ဖော်ထုတ်စိုက်ပျိုးခဲ့ပါတယ်။ အပိုဒ် ၄ မှာ ၁၉၇၆ ခုနှစ် အောက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ အပိုဒ် ၁၁၊ နည်းဥပဒေ ၆၈ တွင် ကွင်း၊ နွားစားကျက်မြေသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားရာ နည်းဥပဒေ ၆၉ တွင် ကွင်း၊ နွားစားကျက်မြေ၌ စားကျက်မြေပြုလုပ်သည့်ကိစ္စမှတစ်ပါး အခြားကိစ္စတစ်စုံတရာ အတွက် လုပ်ကိုင်နေထိုင်လျှင် ပြစ်ဒဏ် ထောင်ဒဏ် ၁ လ၊ ဒဏ်ငွေ ၂၀၀ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ၁၉၉၉-၂၀၀၀ ခုနှစ်တွင် စိုက်ဧကလိုအပ်ချက်ရှိသဖြင့် စားကျက်မြေတွင် တိုးချဲ့စိုက်ပျိုးခဲ့ပါတယ်။ သို့သော် ၁၉၁၁ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၁၀၆ တွင် စားကျက်မြေကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး ၁၂ နှစ်နှင့်အထက်ဖြစ်ပါက စားကျက်မြေအဖြစ် ပြန်လည်သိမ်းယူခြင်းမပြုသင့်ကြောင်း ပြဋ္ဌာန်းထားပါသဖြင့် စားကျက်မြေမှာ အဆိုပါ ဥပဒေအရ အလိုအလျောက် ပယ်ဖျက်ပြီးကြောင်း တွေ့ရှိရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စားကျက်မြေဧက ၁၀၀ ဖော်ထုတ်စိုက်ပျိုးခြင်းသည် လက်ရှိ

အခြေအနေအရ၌လည်း တည်ဆဲလယ်ယာမြေဥပဒေနှင့်ညီညွတ်မှုရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး က ဖြေကြားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဆိုလိုတဲ့သဘောကတော့ သက်ဆိုင်ရာဥပဒေကို ကိုင်တွယ်ဆောင်ရွက်နေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေက ဆောင်ရွက်ခဲ့သော်လည်း စနစ်တွေ ကြာလာရင် ဥပဒေတွေနဲ့ညီညွတ်သွားပါပြီလို့ဆိုပါတယ်။ ကျွန်တော်တို့ သစ်တောဧရိယာမှာ ကျူးကျော်ဝင်ရောက်နေခဲ့တဲ့ တောင်သူလယ်သမားများဟာ နှစ်ပေါင်း ၄၀ ကျော်ရှိနေပြီ။ သူတို့တွေ နိုင်ငံတော်နဲ့ပတ်သက်လို့ လိုအပ်တဲ့ကိစ္စမှန်သမျှကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော် တို့သိသလောက် ပြောရမယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က ဒီကိစ္စကို တင်ပြခဲ့ဖူးပါတယ်။ ဗဟိုကော်မတီနဲ့နိုင်ငံတော်ကောင်စီကပဲ စာရင်းစစ်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်လည်း ဝန်ထမ်းဖြစ်တဲ့အတွက် ကျွန်တော်လည်း ပါခဲ့ပါတယ်။ သို့သော်လည်း မထူးခြားခဲ့ ပါဘူး။ သို့သော်လည်း ဒီဖက်ခေတ်အဆက်ဆက်မှာလည်း ဒီလိုပဲ လာရင်တင်ပြခဲ့ကြပါတယ်။ နှစ်ပေါင်းတော်တော်ကြာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ လယ်သမား အမည်တော့ ပါခဲ့ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်က ချီးမြှင့်တဲ့စိုက်ပျိုးရေးချေးငွေ မရပါဘူး။ နိုင်ငံတော်က ပံ့ပိုးမှုတွေကို မရခဲ့ပါဘူး။ ဒါကြောင့် ဒီဒေသက လယ်သမားများက ပြည်သူ့ လွှတ်တော်မှာ တင်ပြပေးပါလို့ ကျွန်တော်တို့ကို အကူအညီတောင်းပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ၁၀-၃-၂၀၁၁ နေ့မှာ ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသောမိန့်ခွန်း၏ ပြည်တွင်း ရေးရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် အောက်ဖော်ပြပါဥပဒေပြုရေးအစီအစဉ်များကို သက်ဆိုင်ရာများ၊ လွှတ်တော်များသို့ တင်သွင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မိန့်မှာချက် ၁၀ ချက်၏ စတုတ္ထအချက်မှာ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ကိုင်ခွင့်နှင့် ပတ်သက်လို့ ဥပဒေများပြုစုနိုင်ရေး လေ့လာချက်၊ လက်ရှိဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ပြန်လည်သုံးသပ်မည်ဟု မိန့်မှာသည်ဟု ကြားသိရတဲ့အတွက် တောင်သူလယ်သမားများ ဝမ်းမြောက်လျက်ရှိပါကြောင်းလည်း ကျွန်တော့်ကို တင်ပြလျက်ရှိပါတယ်။ ဒါကြောင့် ကျေးရွာပြည်သူတောင်သူလယ်သမားများရဲ့ လိုအပ်ချက်ဖြစ်တဲ့ ဒီကိစ္စကို ကျွန်တော်က လွှတ်တော်မှာ တင်ပြခြင်းဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျေးရွာအုပ်စု ၈ ခုမှာ နေထိုင်တဲ့ တောင်သူလယ်သမားများမှ ၎င်းတို့၏နေထိုင်မှု၊ လူမှုစီးပွားဘဝကို နိုင်ငံတော်အစိုးရ၏ သဘောထားအမြင်နဲ့ ပံ့ပိုးကူညီနိုင်မှုအတွက် မျှော်လင့်ချက်များစွာရှိနေပါ၍ ကျေးရွာတောင်သူလယ်သမားများကိုယ်စား မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်၏ သစ်တောကြိုးဝိုင်းများအတွင်းမှာ လယ်ယာစိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားများရဲ့ အခြေအနေနဲ့ပတ်သက်လို့ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီးမှ ဆက်လက်ပြီးတော့ ဖြေကြားပေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ်က ထုတ်ပြန်ထားတဲ့ မြန်မာ့သစ်တောမူဝါဒနှင့်အညီ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပြီးကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအား ထိန်းသိမ်းကာကွယ်ခြင်း၊ တောပျက်များအား သစ်တောစိုက်ခင်းများ တည်ထောင်၍ တန်ဖိုးမြင့်စေရန် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်းမှာ သစ်တောများ ပိုမို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက်ကိုလည်းကောင်း၊ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ရေးဆွဲထားသော အမျိုးသားသစ်တောကဏ္ဍာပင်မနှစ် ၃၀ စီမံကိန်းအရ သစ်တောကြိုးဝိုင်းများကို နိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ထားရှိပါတယ်။ အဲဒီရည်ရွယ်ချက်အရလည်းကောင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်း သတ်မှတ်ခြင်းကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိကာလအထိ ၂၄.၁၇ ရာခိုင်နှုန်း ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်တွင် ဖော်ပြပါရှိ သည့် လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် လပွတ်ကွဲကြိုးဝိုင်းအား ၁၃၃၁၉ ဧကဖြင့် ၂၃-၂-၁၉၀၀ ရက်နေ့တွင်လည်းကောင်း၊ ကလရိုက်ကြိုးဝိုင်းအား ၂၃၆၅၄ ဧကဖြင့် ၉-၄-၁၈၉၆ ရက်နေ့တွင်လည်းကောင်း၊ ညီနောင်ကြိုးဝိုင်းအား ၁၇၂၅၉ ဧကဖြင့် ၂၃-၂-၁၉၀၀ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ပြီးတော့ ဧရိယာစုစုပေါင်း ၅၄၂၃၂ ဧက ရှိပါတယ်။ ဒီရေတောများဟာ ဂေဟတန်ဖိုး (Ecological Value)အရ အလွန်မြင့်မားပြီးတော့ အပူပိုင်းဒေသတွင်ပေါက်ရောက် သော ကမ္ဘာ့အခြေခံ သယံဇာတအရင်းအမြစ်တစ်မျိုးဖြစ်ပါတယ်။ ဒီရေတောများဟာ ထုတ်လုပ်မှု စွမ်းအား အလွန်မြင့်မားသော်လည်း ပျက်စီးပြီးနောက် ပြန်လည်ပြုစုပျိုးထောင်ရန်လည်း အလွန် ခက်ခဲကြောင်း သိရှိရပါတယ်။ ထို့အပြင် ဒီရေတောများမှရရှိသော အကျိုးကျေးဇူးများမှာ တိုက်ရိုက်ရရှိသော အကျိုးကျေးဇူးများထက် သွယ်ဝိုက်ရရှိသော အကျိုးကျေးဇူးက ပိုမိုများသည့် အတွက်ကြောင့်မို့လို့

အခြားသစ်တောအမျိုးအစားများနှင့် နှိုင်းယှဉ်ပါက မြင်သာထင်သာ မရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ဒီရေတောများမှ ရရှိသော သစ်တောထွက်ပစ္စည်း တန်ဖိုးများထက် ဒီရေတောများမှ သဘာဝပတ်ဝန်းကျင်အတွက် ပေးဆောင်သော ဝန်ဆောင်မှုများက ပိုမိုပြီးတော့ များပြားပါတယ်။

ဒီရေတောများမှ ရရှိနိုင်သော ဝန်ဆောင်မှုများမှာ ငါး၊ ပုဇွန်များနှင့် အခြားရေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာနေရာဖြစ်ခြင်း၊ အိမ်သုံးဆေးဝါးအစရှိသည့် လူ့အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အမြစ်များသည် မြေဆီလွှာများကို မြဲမြံစေပြီး ကမ်းရိုးတန်းမြေတိုက်စားခြင်းမှ ကာကွယ်ပေးခြင်း၊ ဆွေးမြေ့သောအပင်၏ အစိတ်အပိုင်းများသည် အဏုဇီဝဂေဟစနစ်များ၏ အစာကွန်ရက်အား အဟာရများ ထောက်ပံ့ပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို အခြားသစ်တောအမျိုးအစားများထက် ပိုမိုစုပ်ယူသိုမှီးနိုင်ခြင်း၊ ပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသောကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုံးမုန်တိုင်း၊ ဆူနာမီဒဏ်များအား လျော့ကျစေခြင်း၊ လျော့နည်းစေခြင်း၊ ကုန်းတွင်းပိုင်းမှ စီးဆင်းလာသော အနယ်အနှစ်များအား ထိန်းချုပ်အနည်ထိုင်စေပြီး အညစ်အကြေးများကို ပင်လယ်ပြင်သို့ မရောက်အောင် စစ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဒီရေတောများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဒီရေတောများသည် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမြေအတွက် စိုက်ပျိုးမြေတိုးချဲ့လာခြင်း၊ ငါးကန်၊ ပုဇွန်ကန်များ တည်ဆောက်မွေးမြူရေးအတွက် ဒီရေတောပင်များအား အပြောင်ခုတ်ရှင်းလင်းခြင်းများခံရပါတယ်။ ဧရာဝတီတိုင်း ဒီရေတောများဟာလည်း အလားတူပဲ လျော့နည်းပျက်စီးမှုဟာ အများဆုံးဖြစ်တာကို တွေ့ရှိရပါတယ်။ ဖော်ပြပါကြိုးဝိုင်း ၃ ခု စုစုပေါင်း ဧရိယာ ၅၄၂၃၂ ဧကတွင် ဒေသခံပြည်သူများ သစ်တောကြိုးဝိုင်းမြေများ ခုတ်ထွင်ရှင်းလင်း၍ ကျေးရွာ ၈၀ တည်ထောင်ပြီးတော့ လယ်ယာမြေဧက ၄၁၇၆၆ ဧက စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စာရင်းအရသိရှိရပါတယ်။ ပင်လယ်ကမ်းခြေနှင့် ဆက်စပ်သည့်နေရာများတွင် ဒီရေတောများပြုန်းတီးနေမှုကြောင့် မြေပြိုတိုက်စားမှုများ ဆိုးဝါးစွာဖြစ်ပေါ် နေကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ကြိုးဝိုင်းကျူးကျော်မှုများကို ဒေသခံပြည်သူများ၏ ဘဝ ရှင်သန်ရပ်တည်ရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရေးအတွက် မလိုလားအပ်သော ရှုပ်ထွေးမှုပြဿနာများ မပေါ်ပေါက်စေရေး အတွက် ဘက်ပေါင်းစုံမှ ချင့်ချိန်စဉ်းစားခဲ့ပြီး သစ်တောဥပဒေအရ အရေးယူမှုများ မပြုလုပ်ခဲ့ပါကြောင်း ဖော်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့်ကိစ္စရပ်နှင့်ပတ်သက်၍ ဖော်ပြပါကြိုးဝိုင်း ၃ ခုအတွင်း လယ်ယာနှင့်လူနေအိမ်ခြေ များမှာ လက်ရှိဖြစ်ပေါ်နေသည့် မြေပြိုတိုက်စားမှုများနှင့် နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝ ဘေးအန္တရာယ်များ

ကျရောက်ပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရမည့် အခြေအနေများကြောင့် ရေရှည် လုပ်ကိုင်နေထိုင်ကြရန် အခက်အခဲရှိလာမည်ဖြစ်ပါတယ်။ အဆိုပါအကြောင်းအချက်များအရ ကြိုးဝိုင်း လည်းပျက်၊ လယ်ယာစိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် အခွင့်အလမ်းများ လည်း ရေရာသေချာမှုမရှိမည်ကို ထောက်ဆ၍ ကြိုးဝိုင်းများပယ်ဖျက်ပေးခြင်းထက် ကြိုးဝိုင်းများ အတွင်းတွင် တရားဝင်စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုပြီး သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် နည်းစနစ်ကို အခြေခံ၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းနှင့် ပုဂ္ဂလိကဒီရေတော စိုက်ခင်းများတည်ထောင်ခြင်း၊ မြေပြိုတိုက်စားမှုများနှင့် သဘာဝဘေးအန္တရာယ်ကို ထိန်းသိမ်း ကာကွယ်ပေးနိုင်မည့် ပင်လယ်ပြင်နှင့်ထိစပ်သည့် ကမ်းခြေများတွင် ဒီရေတောသစ်ပင်များ စိုက်ပျိုးခြင်းတို့ကို ရေရှည်အကျိုးကို ရှေးရှုပြီးဆောင်ရွက်ရန် ခွင့်ပြုနိုင်မည်ဆိုပါက ပြေပြစ်မည် ဖြစ်တဲ့အကြောင်း ကျွန်တော့်ဝန်ကြီးဌာနအတွင်း ကျွန်တော့်ရဲ့ အတိုင်းအတာအတွင်းတော့ ယခုကဲ့သို့ပဲ ဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**နိုင်ငံ့ဝန်ထမ်းများအားခွင့်ပြုချထားပြီးဖြစ်သော အိမ်ရာမြေကွက်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းက နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချထားပေးပြီးဖြစ်သော အိမ်ရာ၊ မြေယာကွက်များနှင့်ပတ်သက်၍ ခံစားခွင့်မရရှိကြသည့် မေးခွန်းအား မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှာ တင်ပြခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ သို့သော် ယခုအကြိမ် ဆက်လက်ပြီးတော့မှ ပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။ ယခုအချိန်မှာဆိုရင် မြေယာကိစ္စတွေ၊ လယ်မြေကိစ္စနှင့်ပတ်သက်ပြီးတော့မှ ပြည်သူ့အသံ အများအပြားထွက်ပေါ်နေတာကိုလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အနေနဲ့ ပြည်သူ့အသံများကို ကြားသိရစေခြင်းငှာ လွှတ်တော်သို့ အသိပေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများကို မြေယာကွက်များပေးတယ်ဆိုတာ အနှစ် ၂၀ ကျော်အထက် နိုင်ငံ့ဝန်ထမ်းလုပ်သက်မြင့် ဝန်ထမ်း များကိုသာ မြေယာကွက်များ ချထားပေးခဲ့ပါတယ်။ ကျွန်တော်ပထမမေးခွန်းမေးစဉ်မှာ မြေယာကွက်

များချထားပေးသော်လည်း နေထိုင်မှုမရကြသည့်အတွက် မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခြေအနေမှာ ထိုကဲ့သို့ မဟုတ်ဘဲနဲ့ မြေယာကွက်များကို ပြန်လည်သိမ်းဆည်းသွားတဲ့ အနေအထားအဖြစ်ရောက်လာပါတယ်။ အနည်းငယ်ဆက်စပ်ပြီး ရှင်းပြလိုပါတယ်။ ဝန်ထမ်းမြေယာကွက်များနှင့်ပတ်သက်ပြီးတော့မှ ဆက်စပ်လျက်ရှိတဲ့ အကြောင်းအရာများကို ကျိုးကြောင်းဖော်ပြချက်များဖြင့်ရှင်းလင်းဖော်ပြလိုပါတယ်။ နောက်ကျွန်တော့်ကို အချက်အလက် Data များ ရှာဖွေ ပေးကြသောပင်စင်စားဝန်ထမ်းများ၊ ဒဂုံမြို့သစ်နေထိုင်သူများနှင့် သာကေတမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၊ အခြားသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြီးတော့ ကျွန်တော့်ရဲ့ သူငယ်ချင်းများဖြစ်တဲ့ပြည်သူ့အသံ ပြည်သူ့ရဲ့ အမှန်အကန်ဘဝများကို ကွင်းဆင်းလေ့လာကြတဲ့ ၈၈ မျိုးဆက်သစ်ကျောင်းသားများကို ဒီနေရာမှာ အားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာပိုင်ဆိုင်မှုအနေနဲ့ ဝန်ထမ်းမြေယာမှတ်တမ်းအဖြစ် ကျွန်တော့်ဆီမှာအထောက်အထားအဖြစ် လွှတ်တော်သို့တင်ပြရန် ပထမအကြိမ် ဒုတိယပုံမှန် အစည်းအဝေးမှာကတည်းက ကျွန်တော့်မေးခွန်းမှာ ထည့်ခဲ့ပါတယ်ခင်ဗျား။ သက်သေခံစာရွက်စာတမ်းများအနေနဲ့ တော့မြေယာပိုင်ဆိုင်မှု၊ မိသားစုဓာတ်ပုံ၊ အိုးအိမ်ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသောငွေကျေလက်မှတ်အပါအဝင် နေထိုင်ခွင့် လက်မှတ်များ၊ ချထားပေးတဲ့ မြေကွက် အမှတ်နဲ့ရပ်ကွက်နံပါတ်များ ဒါတွေအားလုံးပါပါတယ်။ သန်းခေါင်စာရင်းအပါအဝင် အဲဒီတော့ ဒီဝန်ထမ်းတွေကိုချထားပေးတဲ့အခါမှာ ဝန်ထမ်းများထံမှ တစ်လလျှင် ၂၀၀ကျပ်နှုန်းနဲ့ လစဉ်လခ ထဲကနုတ်သွားတာတွေ့ပါတယ်။ တစ်လလျှင် ၂၀၀ကျပ်နှုန်းနဲ့ နုတ်သွားတဲ့လခသည် ၎င်းအချိန်ကဝန်ထမ်းများဟာ သူတို့ရဲ့ရာထူးအရ ၃၀၀ ၊ ၄၀၀ ဝန်းကျင်သာရကြပါတယ်။ တစ်လလျှင် ၂၀၀ နှုန်းနဲ့တစ်နှစ်ကို ၂၄၀၀ကျပ်၊ ငါးနှစ်တိတိလခတွေဖြတ်သွားပြီးတော့မှ ဒီမြေကွက်တွေ ရကြတာ ဖြစ်ပါ တယ်။ မြေကွက်ကို စတင်ထုတ်ပေးတဲ့ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေး သစ်စက်ဌာန၊ သစ်လုံးဌာနစိတ်ရဲ့ ရက်စွဲမှာ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်ဆိုပြီးတော့ ပဥ္စမအကြိမ် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၄၉ နေ မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများအားနေရာချထားပေးခြင်း ဆိုပြီးတော့မှပါ ပါတယ်။ ၁၅-၈-၁၉၉၇ ရက်စွဲပါ စာအမှတ်နဲ့ ထုတ်ထားတာဖြစ်ပါတယ်။ ဒီဝန်ထမ်းတွေဟာ ၁၄၉ ပဉ⊞စမအကြိမ်ထုတ်ပေးတာဖြစ်ပြီးတော့ အဲဒီဝန်ထမ်းတွေဟာသွားရောက်နေထိုင်နိုင်ခွင့်ရဖို့ နောက်တစ်ဆင့်အဖြစ် ၃-၉-၁၉၉၇ နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ပြီးဆောင်ရွက်ရန် နှိုးဆော်ပါမည့်အကြောင်း အကြောင်းကြားအပ်ပါသည် ပြောပြီးတော့လာရောက်မနှိုးဆော်တဲ့အတွက် စောင့်နေရင်း စောင့်နေရင်းကနေ ယခုအဲဒီပုဂ္ဂိုလ်များဟာ

ပင်စင်ယူပြီးတော့မှ နေစရာအိမ်မရှိတဲ့အတွက် သူတို့ဟာ နီးစပ်ရာသစ်တောလိုင်းခန်းများမှာ ကျူးကျော်တဲမျာအဖြစ် ထိုးပြီးတော့နေကြရတာကို ကျွန်တော်ကိုယ်တိုင်တွေ့ရပါတယ်။ အလုံမြို့နယ်မှာရှိပါတယ်။ အဲ့ဒီပုဂ္ဂိုလ်များက အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ရာမှ ယခုနိုင်ငံတော်သတင်းစာက ထုတ်ပြန်ချက်တစ်ခုက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ဆိုပြီးတော့ ရပ်ကွက်နံပါတ်၊ မြေတိုင်းရပ်ကွက် ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀ ရပ်ကွက်များတွင်ချထားပေးခဲ့သည့် မြေကွက်များသည် ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်အဖြစ် နိုင်ငံတော်မှဖော်ထုတ်ဆောင်ရွက်သည့် စီမံကိန်းဧရိယာတွင်ပါဝင်ပါသဖြင့် အဆိုပါမြေကွက်ချထားမှုများအားပယ်ဖျက်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ မူလပေးသွင်းခဲ့သည့်မြေကွက်တန်ဖိုးငွေများအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါတယ်။ အဲဒီတော့ နောက်တစ်ပိုဒ်ကိုကျော်ပြီးတော့ နောက်ဆုံးအပိုဒ်မှာ ၃၁-၃-၂၀၁၂ ရက်နေ့အထိလာရောက်၍ စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသော မြေကွက်ပိုင်ရှင်များ၏ မြေချပါမစ်များ၊ မြေငှားစာချုပ်များအား စာရင်းမှပယ်ဖျက်ပြီး မြေကွက်တန်ဖိုးများနောင်တွင် ပြန်လည်ထုတ်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုပြီး ၇-၃-၂၀၁၂ ရက်နေ့ နိုင်ငံပိုင်သတင်းစာမှာ ကြေညာထားတာတွေ့ပါတယ်။ မြေတိုင်းရပ်ကွက်ဆိုပြီး ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်မှာ မြေကွက်ပေါင်း ၈၀၇၉ ကွက်ပါပါတယ်။ ၈၀၇၉ ဆိုတာ မိသားစု ၈၀၇၉ ဦးရဲ့မြေကွက်ဖြစ်ပါတယ်။ ဒီနောက်မှာ ရပ်တည်ကြမယ့်မိသားစုများဟာ သောင်းနဲ့ချီမှာပါ။ ဝန်ကြီးဌာနပေါင်းစုံအနေနဲ့ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ ဘဏ္ဍာအခွန်၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်၊ သာသနာရေးဝန်ထမ်းပေါင်းစုံရဲ့ မြေကွက်တွေဖြစ်ပါတယ်။ ဒီမြေကွက်တွေကို နဂိုကချထားပေးခဲ့တယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကဖြစ်ပါတယ်။ အဲ့ဒီအချိန်ရဲ့ သူတို့ရဲ့လခထဲက လခရဲ့တစ်ဝက်လောက်ကိုပေးသွင်းခဲ့ရတာဖြစ်ပါတယ်။ အခုစုံစမ်းသိရှိရတာ ဘယ်လောက်ပြန်အမ်းမှာလဲဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ ပြန်အမ်းမယ့်ငွေဟာ နဂိုပေးသွင်းတဲ့ငွေအတိုင်းဆိုတော့ ၁၂၀၀၀ ကျပ်ပဲပြန်ရကြမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာတုန်းက ဝန်ထမ်းများလစာတိုးပေးရေးအတွက် ဆွေးနွေးကြစဉ်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးပြောသွားတဲ့စကားထဲမှာ ဝန်ထမ်းတွေကို လစာတိုးပေးဖို့ရွှေဈေးနဲ့တွက်တယ်။ အဲ့ဒီခေတ်ကပေါက်ဈေးနဲ့ အဲ့ဒီခေတ်ကရတဲ့လခနဲ့ ကျွန်တော်တို့အခုဝန်ထမ်းတွေကိုကျတော့ ဘာနဲ့မှတိုင်းတာတွက်ချက်တာလည်း မတွေ့ခဲ့ပါဘူး။ အဲ့ဒီတော့ဝန်ထမ်းဆိုတဲ့မျိုးက နိုင်ငံ့ဝန်ထမ်းအဖြစ် နိုင်ငံတော်အတွက် တာဝန်ကျေကျေ အလုပ်

လုပ်ခဲ့ပြီးမှ လစဉ်လစဉ်ကိုယ့်ရဲ့ချွေးနည်းစာထဲက အဖြတ်ခံသွားပြီးတော့မှရခဲ့တဲ့ မြေကွက် လေးတွေ ဖြစ်ပါတယ်။ ဒီ့အပြင် ခံစားစရာလည်း ဘာမှမရှိပါဘူး။ ပင်စင်သွားပြီးရင် သူတို့ဟာ လက်ထဲမှာ ဘာမှမယ်မယ်ရရပါမသွားကြပါဘူး။ ဒါပေမယ့် အဲ့ဒီမြေကွက်ဆိုတာ အဲ့ဒီမှာပဲ စည်းကမ်း သတ်မှတ်ချက်အချို့နဲ့ ဒီမြေကွက်မှာ နောက်ကအပိုစည်းကမ်းများဆိုပြီးထုတ်ထားတာ ရှိပါတယ်။ အဲ့ဒီအပိုစည်းကမ်းများရဲ့ နောက်မှာလည်း သုံးလအတွင်းလာရောက်မနေထိုင်လျှင်၊ မဆောက်လျှင်၊ ပြီးတော့ ဒီမြေကို လက်ပြောင်း/လက်လွှဲမလုပ်ရတာကအစ စည်းကမ်းသတ်မှတ်ချက်တွေ အများကြီးနဲ့ ထားပါတယ်။ အဲ့ဒီအချိန်က အဲ့ဒီမြေကွက်မှာသွားနေဖို့က ကျွန်တော် ရောက်ဖူးပါတယ်။ အဲ့ဒီ မြေကွက်တွေ အားလုံးကို ကျွန်တော်ကြည့်ခဲ့ဖူးပါတယ်။ အဲ့ဒီအချိန်က ကွင်းပြင်မှာ၊ ရေတောထဲမှာ၊ အချို့လယ်ကွင်းတွေ ထဲမှာဖြစ်နေပါတယ်။ မြေကွက် ကိုခင်ဗျားရတဲ့မြေကွက်ဘယ်နားမှာလဲဆိုရင် ခဲနဲ့ပေါက်ပြီးတော့မှအဲ့ဒီနေရာရဲ့ ဟိုဘက်နားလေးမှာလို ပြောခဲ့ရတဲ့အခြေအနေပါ။ အဲ့လိုအခြေအနေ မျိုးမှာ ဝန်ထမ်းတွေက အဲ့ဒီထဲမှာသွားပြီး ဆောက်နေဖို့ဆိုတာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်စဉ်းစားဖို့ လိုအပ်တာက လူတွေနေပြီဆိုရင်လုံခြုံရေး အရ ရဲစခန်းရှိရပါမယ်။ ဆေးရုံရှိရပါမယ်။ မိသားစုတွေ၊ ကလေးငယ်တွေ၊ စာသင်အရွယ်တွေပါတဲ့အတွက် စာသင်ကျောင်းရှိဖို့လိုအပ်ပါမယ်။ မြို့ပြတစ်ခု တည်ဆောက်ရင်၊ မြို့ပြအင်္ဂါရပ်နဲ့ ညီညွတ်တဲ့အခြေအနေဖန်တီးထားပါမှ ပြည်သူလူထုကနေလို့ ရမှာပါ။ အဲ့ဒီကွင်းပြင်ထဲမှာ သွားပြီးတော့ တဲထိုးပြီးနေရတဲ့အခြေအနေမျိုးကို မြို့ပြစီမံကိန်းတွေ ချထားသူတွေက ဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်ပါတယ်။ အဲ့ဒီကိစ္စတွေကို စီမံကိန်းတွေကို မဆောင်ရွက်သေးဘဲနဲ့ သွားမနေလို့ မြေကွက်ကိုသိမ်းမယ်ဆိုတာကလည်း ဒါဟာမဆီလျော်တဲ့ ထုတ်ပြန်ချက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ့။ ယခုလက်ရှိရက်ပိုင်းအတွင်းမှာဖြစ်ပေါ်နေတဲ့ကိစ္စဟာ ပြည်သူတွေရဲ့ အသံတွေဟာ အတော်လေးမှဆူညံစွာထွက်ပေါ်နေပါတယ်။ ပြည်သူ့အသံ၊ လွှတ်တော် အသံ ဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ရဲ့တာဝန်ဟာ ဒီပြည်သူတွေရဲ့ အပေါ်မှာကြီးမားစွာ တာဝန်ရှိတယ်လို့ ကျွန်တော်တို့ ခံယူရပါတယ်ခင်ဗျာ့။ ပြည်သူလူထုရဲ့အသံအချို့ကို အနည်းငယ် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ့။ ပညာရေးဝန်ထမ်း အမျိုးသမီးတစ်ယောက်က ပြောထားတဲ့စကားမှာ ၂၅ နှစ် ရှိမှ ဒီလိုမြေကွက်လေးရတာပါ။ ၂၀ဝ၂ ခုနှစ်က အဲ့ဒီမြေကွက်အတွက် ငွေသွင်းရတာက ၁၂၀၀၀ကျပ်၊ အခု ၂၀၁၂ မှာ ကျွန်မတို့ကိုပြန်ပေးမယ့်နှုန်းက အရင်ကျွန်မတို့ သွင်းတဲ့အတိုင်း ပြန်ပေးမှာ အခု ၁၂၀၀၀ ကျပ်နဲ့ အရင် ၁၂၀၀၀ ကျပ် တန်ဖိုးမှ မတူတာ၊ ဒီနှုန်းအတိုင်းပဲ ပေးမယ်ဆိုရင်တော့ သွားထုတ်မနေတော့ဘူး။ အဆုံးပဲခံလိုက်တော့မယ်။ လူတွေကအဲ့ဒီပိုက်ဆံကို ပြန်လိုချင်တာ

မဟုတ်ဘူး။ သူတို့ရဲ့ လုပ်အားနဲ့တရားသဖြင့် ရခဲ့တဲ့မြေကွက်ကိုပဲ ပြန်လိုချင်တာပါ။ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ သစ်လုပ်ငန်းဌာနမှာ လုပ်တဲ့ဝန်ထမ်း သူက ၂၈ နှစ် လုပ်ကိုင်ခဲ့ပြီးမှ အငြိမ်းစားတစ်ဦးဖြစ်ပါတယ်။ အဲဒီတော့ သစ်လုပ်ငန်းဌာနမှာ၂၈ နှစ် လုံးလုံးလုပ်ပြီးတော ဒီမြေကွက်ကိုရခဲ့တာ၊ အခုကပင်စင်ယူထားပြီး မီးစာကုန်ခမ်းပြီ ဖြစ်နေတဲ့ အချိန်မှာ ကျွန်တော် အိုစာမင်းစာအတွက်မျှော်လင့်ချက်က ဒီမြေကွက်လေးပဲရှိတယ်။ အဲ့ဒါကို ဒီလိုခေတ်ကြီးထဲမှာ အာဏာရှင်ဆန်ဆန်သိမ်းမယ်။ နောက်ပြီး ပုဂ္ဂလိကကုမ္ပဏီကြီးတွေကို လုပ်ပိုင်ခွင့်ပေးမယ်ဆိုတော့ တကယ်ရော ပြည်သူ့အတွက် အကျိုးရှိမှာလား။ လက်တစ်ဆုပ်စာ လူထုကောင်းစားရေးအတွက် လုပ်ပေးနေတာလား။ ဒီကိစ္စ ကိုဝန်ထမ်းတွေစုပြီး သမ္မတကြီးကို အသနားခံစာတင်မယ်ဆိုရင်လည်း မတ်လ ၃၁ ရက်နေ့ နောက်ဆုံးဆိုပြီး အချိန်ကပ်နေတော့ ကျွန်တော်တို့မှာ အချိန်လုံးဝမရှိပါဘူး။ ဒါတစ်ဦးပါ အဲ့တော့ သူတို့ ဝန်ထမ်းတွေရဲ့ ပြည်သူ့အသံ တွေကိုသာ ပြောရမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူ့ရဲ့ မျက်ရည်တွေ ကိုပဲ ခံယူရသလိုဖြစ်နေမှာပါ။ ဘာပဲဖြစ်ဖြစ် ယခုလက်ရှိအခြေအနေဟာ ကျွန်တော့်ကို လာရောက်ဖြေပေးမယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သစ်တောရေးရာဝန်ကြီးဌာန တစ်ဦးတည်းနဲ့ ဆောင်ရွက်လို့ အားနည်းနိုင်ဦးမယ်လို့ ကျွန်တော်ထင်ပါတယ်။ နောက်တစ်ခုက ဝန်ထမ်းတွေ သို့မဟုတ် မြေယာကွက်တွေနဲ့ ပတ်သက်ပြီးတော့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ထားတဲ့ စာတစ်စောင်ရှိပါတယ်။ ဒါကတော့ နိုင်ငံတော်သမ္မတရဲ့ ညွှန်ကြားချက်အနေနဲ့ပါ ပါတယ်။ မည်သည့် အကြောင်းကြောင့်ဖြစ်စေ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေသိမ်း ဆည်းရေးဆောင်ရွက်ပေးရာတွင်မြေကိုအသုံးပြုရန် အလိုရှိသောဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော် သမ္မတရုံး သို့မဟုတ် ပြည်ထောင်စု အစိုးရ အဖွဲ့ရုံး၏ သဘောတူညီ ခွင့်ပြုချက်ကို ဦးစွာရရှိရန် လိုအပ်ပြီး သိမ်းယူရန်ရည်ရွယ်သော မြေအတွင်း လယ်ယာမြေများ ပါဝင်နေပါက ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ခွင့်ပြုအမိန့်ရရှိရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်သမ္မတရုံး သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက် ရယူ၍လည်းကောင်း၊ ပြည်သူလူထုတို့မှ နေထိုင်အသုံးပြုလျက်ရှိသည့် မြေယာများဖြစ်ပါက လျော်ကြေးငွေများပေးအပ်၍ သက်ဆိုင်ရာကာယကံရှင် ပြည်သူတို့၏ သဘောတူညီမှုရယူ၍လည်းကောင်း၊ မြေယာပြောင်းလဲ အသုံးပြုမှုနှင့်ပတ်သက်၍ အငြင်းပွားမှု

မရှိစေရေး ဆောင်ရွက်ပြီးမှသာ ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မ ၁၆ အရ ခရိုင်အုပ်ချုပ်ရေးမှူးက မြေသိမ်းဆည်းခြင်း ဆိုင်ရာများကို ဆက်လက်ဆောင်ရွက်ရပါမည်။ နောက်တစ်ပိုဒ်မှာ မည်သည့်အကြောင်းပြချက်ဖြင့် မြေယာများကို သိမ်းဆည်းရသည့်အခါများတွင် ဖြစ်စေ လိုက်နာဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ညွှန်ကြားထားရာတွင် လျော်ကြေးပေးရမည့် မြေယာနှင့်သီးနှံပင်များ၏တန်ဖိုးကို သတ်မှတ် ဈေးနှုန်းဖြင့် မပြုလုပ်ဘဲ ပိုင်ရှင်များကျေနပ်စေမည့် ဒေသပေါက်ဈေးဖြင့် တန်ဖိုးသတ်မှတ်ပေးရန် ညွှန်ကြားထားသည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ မြေသိမ်းဆည်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ National Project မဟုတ်သည့် ကိစ္စများ နှစ်ဦးနှစ်ဖက် ကျေနပ်အောင် စီမံဆောင်ရွက်စေရန်၊ National Project ဖြစ်ပါ ကလည်း စိုက်ခင်းများဖြစ်နေပါက ပြန်ပေးရန် သို့မဟုတ် လျော်ကြေးပေးရန် ဖြစ်ကြောင်း ညွှန်ကြားထားပါတယ်။ အဲ့ဒီလို ညွှန်ကြားချက်တွေ အဆင့်ဆင့်ရှိသော်လည်း ယနေ့ နိုင်ငံတော်ထုတ်သတင်းစာမှာပါတဲ့စာသား ကြေညာချက်အရအိမ်ထောင်စုပေါင်း ၈၀၇၉ စုအတွက် ကြေညာချက်ဟာအင်မတန်မှ ပြည်သူ လူထုဘက်က၊ ပင်စင်စားဝန်ထမ်းတွေဘက်က၊ နိုင်ငံတော်အတွက် တာဝန်ကျေခဲ့တဲ့ ဝန်ထမ်းတွေ ဘက်က ကိုယ်ချင်းစာဆောင်ရွက်မှုအားနည်း နေတယ်လို့ ကျွန်တော်တို့တွေ အဲ့လိုမြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းမှာ သစ်တောဝန်ထမ်းများကဲ့သို့ဆိုပြီးတော့ စကားရပ်သုံးထားသော်လည်း နိုင်ငံ့ဝန်ထမ်းများအားလုံးကို ကိုယ်စားပြုတဲ့ မေးခွန်းဖြစ်ပါတယ်။ သစ်တောရေးရာဝန်ထမ်းတစ်မျိုးတည်းအတွက် မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကို တင်ပြပါ့မယ်ခင်ဗျား။ သစ်တောဝန်ထမ်းများကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြု ချထားပေးပြီးဖြစ်သော အိမ်ရာမြေကွက်များနှင့်ပတ်သက်၍ ခံစားခွင့်မရကြသည်ကို နိုင်ငံတော် အစိုးရမှ သိရှိပါသလား။ သိရှိပါက မြေကွက်များပြန်လည်ရရှိရန် သို့မဟုတ် အစားထိုးပေးရန် ဆောင်ရွက်ပေးနိုင်ပါမည်လား။ ဆောင်ရွက်မပေးနိုင်ပါက အဘယ့်ကြောင့်ဆိုသည်ကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။

။ ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် (ခ) ဦးခင်မောင်ရည်၏ ဝန်ထမ်းများမြေကွက်

ကိစ္စနှင့်ပတ်သက်၍ မေးခွန်းကိုဆက်လက်ဖြေကြားသွားမှာဖြစ်တယ်။ သို့သော်လည်းပဲ ဒီမေးခွန်းသည် မသိလို့မေးမြန်းခြင်းဆိုတဲ့ အမျိုးအစားထဲမှာမဟုတ်ဘဲနဲ့ နစ်နာသည့်ဝန်ထမ်းများ၏ ကိစ္စကို နိုင်ငံတော်မှသိရှိရန်အလို့ငှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပြည်သူ့လွှတ်တော် အတွင်းမှာ တရားဝင်ပြောကြားခြင်းဖြစ်တယ်လို့ ကျွန်တော်တို့ ဒီလိုပဲခံယူပါတယ်။ အခု ကျွန်တော် ဖြေကြားမယ့်အချက်အလက်တွေကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမတိုင်ခင်မှာ တင်ပြ ဆွေးနွေးသွားတဲ့ အချက်တွေထဲမှာပဲပါတဲ့အချက်များဖြစ်လို့ အထူးအဆန်းတော့မဟုတ်ပါဘူး။ သို့သော်လည်းပဲ ဘာပဲပြောပြော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ပြည်သူ့လွှတ်တော် အတွင်းမှာ တရားဝင်ပြောကြားခြင်းကိစ္စများသည် မှတ်တမ်းအဖြစ်ရှိနေမှာဖြစ်ပြီးတော့ တာဝန်ရှိတဲ့ အုပ်ချုပ်ရေးပိုင်းမှလူတွေကလည်း ဒီအပေါ်မှာလိုအပ်သလို ဆက်လက်ဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့တော့ ယုံကြည်ပါတယ်။ ယခုလို ကျွန်တော့် သစ်တောဝန်ထမ်းများကဲ့သို့ဆိုတဲ့ အနေအထားအရ သစ်တောဝန်ကြီးကတာဝန်ယူဖြေကြားပေမယ့်လည်း ဒီမေးခွန်းနဲ့ပတ်သက်လို့ သက်ဆိုင်ရာဌာနများဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်း ပေါင်းစပ်ပြီးတော့ ယခုကဲ့သို့ဖြေကြားခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့အနေဖြင့် ဒဂုံမြို့သစ်အိမ်ရာစီမံကိန်းမြေအဖြစ်အသုံးပြုရန် ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်တို့ တွင် လယ်ယာမြေစုစုပေါင်း ၆၉၉၃၇ ဧကအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးမှုဦးစီးဌာန၊ ရန်ကုန်မြို့သို့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ၃၉ အရ ခွင့်ပြုမိန့်ချထားပေးခဲ့ပါတယ်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ အိမ်ရာမြေကွက်များဖော်ထုတ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ဆိပ်ကမ်း) မြို့နယ်ဟူ၍ မြို့သစ် ၄ ခု မြို့နယ် နယ်နိမိတ်ခွဲခြားသတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်မှမေးမြန်းထားသော မြေတိုင်းရပ်ကွက်အမှတ် ၁၂၁ ရှိ မြေကွက်များမှာ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်တွင်ပါဝင်ပြီး မြေတိုင်းရပ်ကွက်အမှတ် ၁၄၉ ရှိမြေကွက်များမှာ ဒဂုံဆိပ်ကမ်း မြို့နယ်တွင်ပါဝင်ပါတယ်။ မြို့သစ်များဖော်ထုတ်၍ ဝန်ထမ်းများအား မြေကွက်နေရာချထားပေးခဲ့သည့် မြေဧရိယာများအနက် အိမ်ရာဖော်ထုတ်နေထိုင်ခြင်းမရှိသေးသည့်မြေများအား ၂၀၀၈ ခုနှစ်တွင် ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးစီမံကိန်းအထူးဇုန်အမှတ် (၁) နှင့် အမှတ် (၂) အဖြစ် ဧက ၁၀၀၀၀ လျာထားသတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် မြို့ပြစီမံကိန်း ရေးဆွဲစဉ်ကပါဝင်သော ရန်ကုန်ဘူတာကြီးလျာထားသည့် မြေနေရာနှင့် မြို့ကွက်ဖော်ထုတ်ခြင်းမရှိ

သေးသည့် မြေနေရာ၊ မြို့ပြရပ်ကွက်ဖော်ထုတ်ချထားပြီးဖြစ်သော်လည်း နေအိမ်ဆောက်လုပ်နေထိုင်ခြင်းမရှိသည့် ရပ်ကွက်များအပါအဝင် မြေဧရိယာဧက ၃၆၀၀ ကို စိုက်ပျိုးရေးအထူးဇုန်အမှတ် (၁) အဖြစ်လည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တို့၌ မြို့ပြမြေကွက်ဖော်ထုတ်ထားခြင်းမရှိသည့်မြေဧရိယာ ၆၅၅၅ ဧကကို စိုက်ပျိုးရေးအထူးဇုန်အမှတ် (၂) အဖြစ်လည်းကောင်း ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံတော် အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်အရ အထက်ပါခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးစီမံကိန်း အထူးဇုန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက်ကို ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြေတိုင်း ရပ်ကွက်အမှတ် ၁၇၉ ရှိ မြေဧရိယာဧက ၁၀၇၀.၂၀ ဧက၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် မြေတိုင်း ရပ်ကွက်အမှတ် ၁၈၀ ရှိ မြေဧရိယာဧက ၃၅၄၁.၃၁ ဧကနှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မြေတိုင်း ရပ်ကွက်အမှတ် ၁၇၇၊ ၁၇၈ တို့ရှိ မြေဧရိယာဧက ၅၁၁၂.၁၅ ဧက၊ စုစုပေါင်း ၉၇၂၃.၆၆ ဧကကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါတယ်။ ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၄၉ ရှိမြေကွက်များမှာ အထူးဇုန်ဖော်ထုတ်ရာ၌ပါဝင်ခြင်းမရှိခဲ့ သော်လည်း လာရောက်နေထိုင်ခြင်းမရှိဘဲ မြေကွက်လွတ်များအဖြစ်တည်ရှိနေသဖြင့် တောင်သူများမှ ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စိစစ်တွေ့ရှိချက်များအရ ဒဂုံမြို့သစ်မြို့နယ်များမှအိမ်ရာကွက်များ ဖော်ထုတ်ချထားမှုအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန တို့မှ လိုအပ်သလိုပူးပေါင်းညှိနှိုင်းဖြေရှင်းပေးပါရန် မိန့်မှာချက်ပြုထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားရာတွင်လည်း ဒဂုံမြို့သစ်မြို့နယ်များတွင် ဌာနဆိုင်ရာဝန်ထမ်းများအား မြေကွက်များချထားပေးခဲ့ကြောင်း၊ ထိုကဲ့သို့ချထားပေးခဲ့သော မြေကွက်များသည် နိုင်ငံတော်မှ စီမံကိန်းဆောင်ရွက်မည့်ဧရိယာအတွင်း ပါဝင်ခြင်းများရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ၂၀၀၈ ခုနှစ်တွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် ခေတ်မီစက်မှုလယ်ယာစံပြ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ခဲ့ရာတွင် မြေကွက်ပေါင်း ၈၀၀၀ ကျော်ပါဝင်ခဲ့ကြောင်း၊ အဆိုပါ မြေကွက်များသည် ၁၉၉၆ ခုနှစ်မှစတင်၍ချထားပေးခဲ့သော မြေကွက်များဖြစ်သော်လည်း ကာလ ကြာမြင့်စွာပင်မြေပေါ်တွင် လာရောက်၍အိမ်ဆောက်ခြင်း၊ နေထိုင်ခြင်းမရှိသောမြေကွက်များဖြစ်ပြီး လာရောက်အိမ်ဆောက်နေထိုင်သူအနည်းစုအတွက် မြေကွက်များပြန်လည်ချထားပေးနိုင်ခဲ့သော်လည်း လာရောက်နေထိုင်ခြင်းမရှိသူ အများစုအတွက် မြေကွက်များချထားပေးနိုင်ခဲ့ခြင်း မရှိပါသဖြင့် မြေကွက်များအတွက် ပေးသွင်းရသည့်မြေကွက်တန်ဖိုးများကိုလည်း ပြန်လည်ထုတ်ပေးရန်ရှိပါကြောင်း

အထက်ပါဖြေကြားချက်များအရ ဝန်ကြီးဌာနအသီးသီးမှ လုပ်သက်မြင့်ဝန်ထမ်းများအား ချထားပေးခဲ့သည့်မြေကွက်များအား မြေကွက်ရရှိထားသူများမှ အိမ်ရာဆောက်လုပ်လာရောက်နေထိုင်မှုမရှိခြင်းအပေါ် နိုင်ငံတော်ရဲ့လိုအပ်ချက်အရ အခြားစီမံကိန်းများအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသဖြင့် မြေကွက်ချထားပေးခြင်းခံရသောဝန်ထမ်းများသို့ အဆိုပါအခြေအနေအား အကြောင်းကြားအသိပေးခြင်း၊ ဝန်ထမ်းများမှပေးသွင်းထားသော မြေ၊ စည်ပင်စရိတ်ငွေများအား အမြန်ပြန်လည်ထုတ်ပေးခြင်းတို့ကို ထင်သာမြင်သာရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် အဆင်ပြေသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်တင်ပြချက်ရယ်၊ ပြည်ထောင်စုဝန်ကြီးပြန်လည်ဖြေကြားချက်ရယ် နှစ်ခုလုံးကကောင်းမွန်ပြီးတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ သို့ရာတွင် မေးတဲ့ပုဂ္ဂိုလ်ရဲ့အမေးဟာ ဝန်ကြီးဌာနတစ်ခုတည်းဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စမဟုတ်တဲ့အတွက် ဒီအမေးကို ဦးခိုင်မောင်ရည်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဆီကိုပဲ စာရေးသားတင်ပြပြီးတော့ ဆက်လက်ဆောင်ရွက်ဖို့ ပြောကြားလိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဆီရောက်တဲ့အခါမှာလည်း သက်ဆိုင်ရာပြည်ထောင်စုအစိုးရအကြီးအကဲမှတစ်ဆင့် ပြန်လည်သုံးသပ်ဖို့ ဆောင်ရွက်ပေးဖို့ မိမိအနေနဲ့ အဆိုပြုတိုက်တွန်းပါ့မယ်။ ဒါမှသာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်နိုင်မယ့် ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ဦးခိုင်မောင်ရည်အနေနဲ့ ခုနက လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်မှာ တင်ပြခဲ့တဲ့အကြောင်းအရာ ပြည့်ပြည့်စုံစုံ၊ ရှင်းရှင်းလင်းလင်း၊ ရှည်လည်းမရှည်အောင် ရေးသား ပြီးတော့ အမြန်ဆုံးတင်ပြပေးဖို့ ပြောကြားလိုပါတယ်။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ ဒါကြောင့် အစီအစဉ် (စ)၊ (ဆ)၊ (ဇ)ကို နောက်ရက်ကို ပြောင်းရွှေ့ပါမယ်။ နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၄၀ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အစည်းအဝေးကို နေ့လယ် ၁၂ း ၄၅ နာရီမှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၃း၁၀ ။**

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော သွင်းကုန်ပို့ကုန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့်တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့တွင် စီးပွားရေးနှင့် ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော သွင်းကုန်ပို့ကုန်ဥပဒေကြမ်းကို ဆွေးနွေး အတည်ပြုခြင်းဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ခေါင်းစဉ်၊ နိဒါန်းမှအစ ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြု နိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထား ရယူဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု စတင်ဆောင်ရွက်ပါ့မယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ပိုမိုချောမွေ့လျင်မြန်စေရန်အတွက် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက မူလတင်ပြတဲ့ဥပဒေကြမ်းကို အကြမ်းဖျင်း လွှတ်တော်ကို ကျွန်တော်တင်ပြပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖြန့်ဝေထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု လွှတ်တော် ပို့ကုန်သွင်းကုန်ဥပဒေပထမမူကြမ်းမှာ အခန်း(၁) အမည်နဲ့အဓိပ္ပာယ်ဖော်ပြချက် ဒီအခန်းရဲ့အောက်မှာ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)။ အခန်း(၂) ရည်ရွယ်ချက် ဒီအခန်း(၂)ရည်ရွယ်ချက်အောက်မှာ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)။ အခန်း(၃) သွင်းကုန် သို့မဟုတ် ပို့ကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)

(ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)။ အခန်း (၄) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)။ အပိုဒ် ၆ ပုဒ်မ ၅ အရ အရေးယူခြင်းခံရသူသည်အောက်မှာ အပိုဒ်ခွဲ (က)၊ (ခ)နဲ့ အပိုဒ် ၇ တို့ ပါဝင်ပါတယ်။ အခန်း (၅) ပြစ်မှုနှင့်ပြစ်ဒဏ်များမှာ အပိုဒ် ၈၊ အပိုဒ် ၉ ပါဝင်ပြီး အခန်း(၆) အထွေထွေမှာ အပိုဒ် ၁၀၊ ၁၁၊ ၁၂၊ ၁၃ တို့ ပါဝင်ပါတယ်။ မူလဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်တင်ပြချက်ကို ကိုယ်စားလှယ်ကြီးများရှေ့မှောက်မှာ ကန့်လန့်ဖြတ်ဇယားနှင့် တင်ပြထားတာ ရှိပါတယ်။ အဲဒီကန့်လန့်ဖြတ်ဇယားမှာ အားလုံးပေါင်း အမှတ်စဉ် ၁ ကနေပြီးတော့ အမှတ်စဉ် ၂၉ အထိ ပါပါတယ်။ အဲဒီ အမှတ်စဉ် ၂၉ ထိ ပါတဲ့နေရာမှာ အမှတ်စဉ် ၁ ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ကိုယ်စား ပြင်ဆင်အတည်ပြုချက် ပြုထားပါတယ်။ ဒါကြောင့် ဒီလို ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် အမှတ်စဉ် ၁ အား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၂ ဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၁၊ အပိုဒ် ၁ ကိုလည်း ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို တင်ပြထားပါတယ်။ ဒီအဆိုကို ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ၊ အပိုဒ် ၂ ဥပဒေကြမ်းကော်မတီကပဲ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ပြင်ဆင်အဆိုပြုတင်ပြထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၊ ဥပဒေကြမ်းကော်မတီကပဲ ပို့ကုန်သွင်းကုန်ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်း တစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့သည့် သို့မဟုတ် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် ကုန်ပစ္စည်း သို့မဟုတ် နည်းပညာ တစ်ရပ်ရပ်ကို ဆိုလိုသည်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ကိုယ်စားလှယ်များရဲ့ လက်ဝယ်ရောက်နေတဲ့ကန့်လန့်ဖြတ်ဇယားမှာ စာမျက်နှာ ၁ ပို့ကုန်သွင်းကုန်မှ သို့မဟုတ် အထိ အတူတူဖြစ်ပါတယ်။ ဒုတိယစာမျက်နှာမှာ နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့်ကုန်ပစ္စည်းနဲ့ တစ်ရပ်ရပ်ကို ဆိုလိုသည်ကြားမှာ လက်ရေးနဲ့ဖြည့်ထားလို့ရပါတယ်။ သို့မဟုတ် နည်းပညာတစ်ရပ်ရပ်ကို ဆိုလိုသည်ကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အစည်းအဝေးရုံးအဖွဲ့အနေနဲ့ အခုပြင်ဆင်လိုက်တာကို ကွန်ပျူတာလက်နှိပ်စက်နဲ့ဖြည့်စွက်ပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ထပ်မံအတည်ပြုဖြန့်ဝေပေးဖို့ဖြစ်ပါတယ်။ အမှတ်စဉ် ၅ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။ (ဃ)ကို ဆိုလိုခြင်းဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အပိုဒ်(ဃ)ကို အသစ်ထပ်မံဖြည့်စွက်ထားတာဖြစ်ပါတယ်ခင်ဗျား။ နဂိုမူလပြဋ္ဌာန်းပြီးသားဖြစ်တဲ့ The Control of Exports and Imports Temporaty Act, 1947 မှာ လိုင်စင်ဟူတဲ့ဝေါဟာရပါဝင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီပို့ကုန်သွင်းကုန်ဥပဒေရဲ့ အမည်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ လိုင်စင်ဆိုတဲ့စကားလုံးကို ထည့်သွင်းရန်လိုအပ်ပါသဖြင့် ကုန်ပစ္စည်းတစ်ခုကို တင်ပို့တာဖြစ်ဖြစ်၊ တင်သွင်းတာဖြစ်ဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုအား ခွင့်ပြုချက်ယူရမှာဖြစ်တဲ့အတွက် ခွင့်ပြုချက်ဆိုသည့် အဓိပ္ပာယ်ဖော်ပြချက်တစ်ခုကို အမှတ်စဉ်(ဃ)အနေနဲ့ထည့်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖတ်ပြပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ (ဃ) ခွင့်ပြုချက်ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုခုကို တင်ပို့ရန်ဖြစ်စေ၊ တင်သွင်းရန်ဖြစ်စေ ဝန်ကြီးဌာနက ထုတ်ပေးသည့် ခွင့်ပြုချက်ကိုဆိုလိုသည်။ ယင်းစကားရပ်တွင် ပါမစ်လည်းပါဝင်သည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်အား ဖတ်ကြားတင်ပြပါ။ အကျိုးအကြောင်း ဖော်ပြစရာမလိုပါဘူး။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ ပြင်ဆင်ချက်အဆိုမှာ အပိုဒ်ခွဲ(င) ကုန်သွယ်ရေးစခန်းဆိုသည်မှာ ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များကို တရားဝင်ဆောင်ရွက်နိုင်ရန်သတ်မှတ်ထားသော ပြည်တွင်း သို့မဟုတ် ပြည်ပရှိနေရာဒေသ၊ စခန်း၊ ရုံး သို့မဟုတ် အခြားနေရာတစ်ခုခုကိုဆိုသည်ဟု အဆိုပြုတင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အပိုဒ်ခွဲငယ် (စ) နှင့် (ဆ) ဥပဒေကြမ်းကော်မတီမှတင်ပြပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ်ခွဲငယ်(စ)ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုဆိုသည်။ အပိုဒ်ခွဲငယ် (ဆ) ဝန်ကြီးဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်ဟု အဆိုပြုတင်ပြထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက် အခန်း(၂) ရည်ရွယ်ချက်ကိုတင်ပြပါ။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက် အခန်း(၂) ရည်ရွယ်ချက် အပိုဒ် ၃ ဤ ဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ အပိုဒ်ခွဲ(က) နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာအခြေခံမူများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို့ ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဥပဒေကြမ်းကော်မတီမှ အပိုဒ်ခွဲ(ခ)ကို တင်ပြပါ။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၃ အပိုဒ်ခွဲ (ခ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်လို့ ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ ဥပဒေကြမ်းကော်မတီမှပြင်ဆင်ချက်အဆို တင်ပြပေးပါ။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတကာကုန်သွယ်မှုစံများနဲ့အညီဖြစ်စေရန်လို့ ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အပိုဒ် ၁၁ ဥပဒေကြမ်းကော်မတီမှပြင်ဆင်အဆိုပြုချက် အဆိုတင်ပြပါ။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အ ပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာတွင် ချောမွေ့လွယ်ကူမြန်ဆန်စေရန်လို့ ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၂ အခန်း(၃) ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ်မှတင်ပြပါ။

**ဦးသန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သွင်းကုန်ပို့ကုန်ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးပြင်ဆင်လိုတဲ့အချက်ကတော့ အခန်း (၃) ခေါင်းစဉ်ပဲဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မှာ ကတော့ သွင်းကုန် သို့မဟုတ် ပို့ကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်းဟုပါရှိပြီး ကျွန်တော့်အနေနဲ့ အခန်း (၃) ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်းဟု သို့မဟုတ်ကိုဖျက်၍လည်းကောင်း၊ အသုံးအနှုန်းရှေ့နောက်ပြောင်း၍လည်းကောင်း ပြင်ဆင်ရန်တင်ပြထားခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ဒီဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားမှုကိုကြည့်ရင် စကားလုံးကျစ်လစ်အောင်

အချို့နေရာတွေမှာ သို့မဟုတ်ကို ဖြုတ်ပစ်၍လည်းကောင်း၊ သွင်းကုန်ပို့ကုန်အစား ပို့ကုန်သွင်းကုန်ဟု ပြင်ဆင်ထားချက်တွေဟာ အလွန်ပဲလျော်ကန်သင့်မြတ်လှပါတယ်။ အချို့စကားလုံး ရွှတ်သံအရလည်း ရွှတ်ရ၊ဆိုရ၊ပြောရတာ အဆင်ပြေလှပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပေါ် အချိုပေါ် သကာလောင်းအားဖြည့်ခြင်းမျှသာ ဖြစ်ပါတယ်။ ဒါဟာ နံပါတ် (၁) အချက်ပါ။ (၂)အချက်အနေနဲ့ကတော့ အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့ အတွက် ကျွန်တော့်ရဲ့ ပြင်ဆင်ချက်ဟာ မူလပြဋ္ဌာန်းချက်အဓိပ္ပာယ်နဲ့ ကွဲလွဲမှုမရှိတော့ပါဘူး။ နံပါတ်(၃) အနေနဲ့ကတော့ အခန်း(၃) ခေါင်းစဉ်အောက်က စာကိုယ်မှာလည်း မူလပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာန သည် သွင်းကုန် သို့မဟုတ် ပို့ကုန်ဆိုင်ရာ ကိစ္စရပ်များတွင်ဟူသော စာသားအစား ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဆိုင်ရာကိစ္စရပ် များ တွင်ဟူသော စကားရပ်ဖြင့် ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီ ရဲ့ စာကိုယ်ပါ စာသားသုံးနှုန်းမှုနှင့် ထက်အောက်ညီညွတ်မှုရှိဖို့ဆိုရင် ကျွန်တော်ပြင်ဆင်လိုတဲ့ ပို့ကုန် သွင်းကုန် ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်းဆိုတဲ့ ခေါင်းစဉ်သည်သာ လျော်ကန် သင့်မြတ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၃ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၄ ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များတွင် အောက်ပါတို့နှင့်စပ်လျဉ်း၍ လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ (က) ပို့ကုန်သွင်းကုန်ပစ္စည်းအမျိုးအမည် အဆင့်အတန်းသတ်မှတ်ခြင်းဟု ပြင်ဆင် ခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဥ် ၁၄ ဥပဒေကြမ်းကော်မတီမှ တင်ပြရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၄ အပိုဒ်ခွဲ(ခ) ပို့ကုန်သွင်းကုန်တင်ပို့ခြင်းနှင့် တင်သွင်းခြင်းပြုရမည့်နည်းလမ်းနှင့် အခြားလိုအပ်သောစည်းကမ်းချက်များသတ်မှတ်ခြင်းဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဥ် ၁၅ ဥပဒေကြမ်းကော်မတီမှတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၄ အပိုဒ်ခွဲငယ် (ဂ) ပို့ကုန်သွင်းကုန် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့်ခွင့်ပြုချက်ဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဥ် ၁၆ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၄ အပိုဒ်ခွဲငယ် (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)တို့ကို ဥပဒေရဲ့ ရှေ့နောက်စကားရပ်များနဲ့ အဓိပ္ပာယ်ညီညွတ်စေရန်အတွက်

လည်းကောင်း၊ အရေးအသားပိုမိုကျစ်လစ်စေရန်အတွက် ပြင်ဆင်ထားတာဖြစ်တဲ့အတွက် အဆိုပါ အပိုဒ် (ဃ) မှ (ဇ)အထိအား ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၇ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၄ အပိုဒ်ခွဲ (ဃ) တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းပြုလုပ်ရမည့် ဆိပ်ကမ်း၊ လေဆိပ်၊ ယာဉ်စခန်း စသည့် နေရာများနှင့် သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်း ၊ လုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ပေးခြင်းဟု ပြင်ဆင်ထား ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဒါကြောင့် စာမျက်နှာ ၃ မှာ ဆုံးခဲ့တာက အပိုဒ်ခွဲ(ဂ)ဖြစ်ပါတယ်။ ကျန်တဲ့ အပိုဒ်တွေကို ပယ်ဖျက်ပြီးတော့ (ဂ) ပြီးတဲ့အခါမှာ (ဃ) အပိုဒ်လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၈ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ မူလအဆိုပြုချက် အပိုဒ် ၄ အပိုဒ်ခွဲငယ် (ည) အားပယ်ဖျက်ထားကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပယ်ဖျက်တဲ့အကြောင်းအရာ ရှင်းနိုင်ကရှင်းပေးပါ။

**ဦးအောင်မြသန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပယ်ဖျက်တဲ့ အကြောင်းခြင်းရာများဟာ နည်းဥပဒေများမှာ ထည့်သွင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် ပယ်ဖျက်ခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ကောင်းပါပြီ။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၉ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၄ အပိုဒ်ခွဲငယ်(င)ပို့ကုန်သွင်းကုန်ဆိုင်ရာ အခြားလိုအပ်သောကိစ္စရပ်များဆောင်ရွက်ခြင်းဟု အသစ်ပြင်ဆင်ထည့်သွင်းခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၂၀ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမှတ်စဉ် ၂၀ အဆိုပြုပြဋ္ဌာန်းချက် အခန်း(၄)၊ ခေါင်းစဉ်နှင့် အပိုဒ် ၅၊ ၆ ၊ ၇ ပါ ပြဋ္ဌာန်းချက်များအားပယ်ဖျက်ပြီး အစားထိုးထားပါတယ်။ မူလပြဋ္ဌာန်းချက်တွင် အခန်း (၄) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းအစား အခန်း (၄) တားမြစ်ချက်များဟု ပိုမိုရှင်းလင်းလွယ်ကူစေရန် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၂၁ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ်(င) မည်သူမျှ ကန့်သတ် တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း၊ တင်သွင်းခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၂၂ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၆ မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသောကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပို့ခြင်း၊ တင်သွင်းခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၂၃ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၇ မည်သူမျှ ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရဟု ပြင်ဆင်ချက်အဖြစ် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၂၄ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အခန်း (၅) ပြစ်မှုနှင့် ပြစ်ဒဏ်များ အပိုဒ် ၈ မည်သူမဆို ပုဒ်မ ၅၊ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ ပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်

ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ အမှတ်စဉ် ၂၅ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ) ။** ။ အပိုဒ် ၉ ၏ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်သူ သို့မဟုတ် အားပေးကူညီသူအား ယင်းပြစ်မှုကိုကျူးလွန်သူဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ သ ဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၆ ဦးကျော်နိုင်ဌေး တင်ပြဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်) ။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခန်း (၆) အထွေထွေအပိုဒ် ၁၀ နဲ့ပတ်သက်ပြီးတော့ မူလအဆိုပြုပြင်ဆင်ချက်ကို ပေးပို့ခဲ့ရာမှာ ပထမဝါကျမှာ မူလအဆိုပြုပြဋ္ဌာန်းချက်က ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ကုန် သို့မဟုတ် သွင်းကုန်ဆိုင်ရာမူဝါဒများကိုချမှတ်ရမည်ဟုဆိုတဲ့နေရာမှာ ကျွန်တော်က ပို့ကုန် သို့မဟုတ် သွင်းကုန်ဆိုင်ရာမူဝါဒများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ချမှတ်ရမည်လို့ ပြင်ဆင်ချက်ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုပေးပို့ရတဲ့အကြောင်းက ၂ ချက်ရှိပါတယ်။ ပထမအချက်က မူဝါဒဆိုတဲ့ Policy ကြီးဟာ Plan တွေရဲ့အစိတ်အပိုင်းဖြစ်ပါတယ်။ National Plan ကိုတောင်မှ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းရတာဖြစ်တဲ့အတွက် ဒီမူဝါဒတွေကိုလည်းပဲ ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက်နဲ့ပဲချမှတ်သင့်လို့ဖြစ်ပါတယ်။

ဒုတိယအချက်က မူလဥပဒေကြမ်းပါအဆိုပြုပြဌာန်းချက်အတိုင်း ဒီ Policyကို ပြည်ထောင်စု အစိုးရကပဲချမှတ်မယ် အကယ်၍များ ပြည်သူ့အတွက်၊ နိုင်ငံ့အတွက် အကျိုးမများဖြစ်နေတဲ့ မူဝါဒတွေဆိုရင် လွှတ်တော်များက ပြင်ကြဆင်ကြရပါဦးမယ်။ ဒီတော့ လုံးခြာပတ်ခြာလည်နေပြီးတော့ ရှေ့ကိုချီတက်မယ့် ကျွန်တော်တို့ရဲခြေလှမ်းများဟာ တုန့်ဆိုင်းနေမှာဖြစ်ပါတယ်။ ဒါကြောင့် မူဝါဒများကို ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ဖြင့်သာချမှတ်ရမည်လို့ ပြင်ဆင်ချက် ပေးပို့ခြင်းဖြစ်ပါတယ်။ သို့ရာတွင် ကျယ်ပြန့်စွာဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ အောက်ပါ အတိုင်း ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆိုကိုတင်သွင်းမှာဖြစ်ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများလက်ထဲမှာရောက်ရှိနေတဲ့ ကန့်လန့်ဖြတ်ဇယားမှာ ပထမ စာကြောင်းမှာ သို့မဟုတ်ဆိုတာဟာ Typing Error အရ ပါဝင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တင်သွင်းမယ့် ပြင်ဆင်ချက်အဆိုသည် အခန်း(၆)၊ အထွေထွေအပိုဒ် ၁၀ ပြည်ထောင်စုအစိုးရ အဖွဲ့သည် ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများကိုချမှတ်ရမည်။ ယင်းမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များ ချောမွေ့လွယ်ကူစေရန် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးရမည်လို့ ပြင်ဆင်ချက်အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ် သဘောတူပါသလား။

**ဦးသန်းဦး (မြဝတီမဲဆန္ဒနယ်)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ဦးကျော်နိုင်ဌေး တင်သွင်းတဲ့ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဥ် ၂၇ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ် ၁၁ ဤဥပဒေအရ အရေးယူ အပြစ်ပေးမှုသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ အရေးယူမှုအား ထိခိုက်ပိတ်ပင် ခြင်းမရှိစေရဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၂၈ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၈ နဲ့ ၂၉ အပိုဒ် ၁၂ နဲ့ အပိုဒ် ၁၃ အား တစ်ပေါင်းတည်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အပိုဒ် ၁၂ The Control of Imports and Exports(Temporary) Act, 1947 အရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။ အပိုဒ် ၁၃ The Control of Imports and Exports (Temporary) Act, 1947 ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်ဟု အဆိုပြုတင်ပြထားပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များလက်ဝယ်ရောက်နေတဲ့ ကန့်လန့်ဖြတ် ဇယားမှာ ပိုနေတဲ့စာသားများဖျက်ပေးပါ။ အပိုဒ် ၁၂ မှာ The Control of Imports and Exports (Temporary) Act နောက်ပိုင်းမှာ MYANMAR Act, LV 1အထိ ဖျက်ပြီးတော့ 1947 အထိချန်ပါ။ ကျန်တာ ဇယားပါအတိုင်းဖြစ်ပါတယ်။ ထိုနည်းအတိုင်း အပိုဒ် ၁၃ The Control of Imports and Exports (Temporary) Act နောက်ပိုင်းမှာ ပါတဲ့ MYANMAR Act, LV 1 ကိုဖျက်ပါ 1947 မှာ ဆုံးပါတယ်။ ဒါကိုလည်း အစည်းအဝေးအဖွဲ့တာဝန်ရှိသူများ အသစ်ပြန်လည်ရိုက်နှိပ်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးဖို့ဖြစ်ပါတယ်။ အခုတင်ပြတဲ့ ဥပဒေကြမ်း ကော်မတီရဲ့အဆိုပြုတင်ပြချက်ကို ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။သ ဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီကတင်သွင်းသော ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အပိုဒ် ၁၂ နဲ့ အပိုဒ် ၁၃ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်အဆိုပြုချက်များ အတည်ပြုဆောင်ရွက်ပြီးဖြစ်ပါတယ်။ မိုက်ပေးလိုက်ပါ။ ပြောလို့ရပါပြီ ဒေါ်တင်နွယ်ဦး ။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)** ။ ။ အခန်း (၆) အထွေထွေ၊ စာပိုဒ် ၁၀ က ပြည်ထောင်စုအစိုးရအဖွဲ့သည် Cabinet နဲ့ဆိုတာ အခုမရှိတော့ဘူး။ President System ဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုဝန်ကြီးသည် ဖြစ်ရမယ်ထင်ပါတယ်။ မူဝါဒကို ဝန်ကြီးချမှတ်ရပါမယ်။

**ဥက္ကဋ္ဌ** ။ ။ပြန်ပြောပါ။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)** ။ ။ အခန်း (၆) အထွေထွေ၊ စာပိုဒ် ၁၀ က ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ကုန် သို့မဟုတ် သွင်းကုန်ဆိုတဲ့စာကြောင်း ခုနက ဦးကျော်နိုင်ဌေး ဆွေးနွေးတဲ့စာကြောင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည်ဆိုတာ Cabinet အဖွဲ့က အခုမရှိတော့ဘူး။ President System ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးသည် ဖြစ်ရမယ်ထင်ပါတယ်။ Cabinet ဆိုတာ အခုမရှိတော့ပါဘူး။

**ဥက္ကဋ္ဌ⊞ဌ** ။ ။ဦးကျော်နိုင်ဌေး ပြောပါ။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ အစိုးရအဖွဲ့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါပါတယ်ခင်ဗျား။ အစိုးရအဖွဲ့အစည်းအဝေးလုပ်ခြင်းမလုပ်ခြင်းက တစ်ပိုင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဆိုတာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါပါတယ်ခင်ဗျား။ ဖွဲ့စည်းထားတာရှိပါတယ်။

**ဥက္ကဋ္ဌ** ။ ။ဥပဒေကြမ်းကော်မတီ၏ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့သည်ဆိုတာ ပိုပြီးတော့လျော်ကန်သင့်မြတ်မယ်လို့ထင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ဒီနေရာမှာ တိတိကျကျပြောပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ညီညွတ်မှုရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဒေါ်တင်နွယ်ဦး သဘောထားထပ်ပြောပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်အောင်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)** ။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ခုနက ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက် အမှတ်စဉ် ၂၆ အတည်ဖြစ်ကြောင်း ထပ်မံကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော သွင်းကုန်ပို့ကုန်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် သွင်းကုန်ပို့ကုန်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော သွင်းကုန်ပို့ကုန်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလို အချိန်တိုအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်မှုများကတော့ ပြီးခဲ့တဲ့စနေ၊ တနင်္ဂနွေနေ့များမှာ ယခုတင်ပြသွားတဲ့ ဥပဒေကြမ်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသက်ဆိုင်ရာဝန်ကြီးဌာနတို့က ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေနေ့မှာ သူများနားလို့ မနားနိုင်ဘဲနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ဒီလိုအချိန်တိုအတွင်းမှာ ပြီးစီးသွားတာဖြစ်သလို ဒီနေ့ ညနေပိုင်းအစည်းအဝေးမတိုင်မီမှာလည်း သက်ဆိုင်ရာဆွေးနွေးထားတဲ့ ပုဂ္ဂိုလ်များ၊ ဥပဒေကြမ်းကော်မတီများနှင့်လည်း သီးခြားဥက္ကဋ္ဌအနေနဲ့လည်း ခေါ်ယူမေးမြန်းအတည်ပြုခဲ့ပါတယ်။ ခေါ်ယူမေးမြန်းအတည်ပြုပြီးနောက်ပိုင်းမှာမှ လွှတ်တော်ထဲမှာဝင်ရောက်ပြီး အခုလိုအချိန်တိုအတွင်းမှာ တိတိကျကျခိုင်ခိုင်မာမာဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဆောင်ရွက်ကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ရမှာဖြစ်ပါတယ်။ နောင်မိမိတို့ ဆက်လက်ပြဌာန်းရမယ့်ဥပဒေများကိုလည်း ယခုကဲ့သို့ပဲတက်ညီလက်ညီစိတ်အားထက်သန်စွာနှင့်ဆောင်ရွက်ပေးဖို့တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတ်ကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုတစ်ရပ် တင်သွင်းထားတာရှိပါတယ်။ ဒါကတော့ ၂၀-၂-၂၀၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ သယံဇာတ်ကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းခဲ့တဲ့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးပေါ်ပေါက်ရေးအတွက် အဂတိ လိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် လွှတ်လပ်ပြီးအများပြည်သူယုံကြည်လက်ခံနိုင်သော အမျိုးသားအဂတိလိုက်စားမှု တားမြစ်ရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော် အစိုးရအား ဤလွှတ်တော်က တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် ၁၃ ဦးက အမည်စာရင်းပေးထားတာရှိပါတယ်။ ဒီအဆိုနှင့်အဓိပ္ပာယ်ချင်းဆင်ပြီး ပိုမိုလေးနက်ခိုင်မာမယ့် အကြောင်းအရာတစ်ခုကိုလည်း ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အတွင်းမှာ ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားခဲ့တာရှိပါတယ်။ ဒါကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဗဟုသုတအဖြစ်လေ့လာဖို့ ပေးထားတဲ့ Anti-Corruption Law ကိစ္စကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်က အစည်းအဝေးမှာတင်ပြတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် နာယကက ဒီဟာသည် ဗဟုသုတအတွက် လေ့လာဖို့မဟုတ်ဘူး။ အခြားနိုင်ငံတွေမှာ မည်သို့ဆောင်ရွက်နေတယ်၊ မည်သို့ ဥပဒေတွေပြုထားတာဖြစ်တယ်ဆိုတာသိအောင်လည်း လိုမယ်ဆိုလို့ရှိရင် ဥပဒေပြဋ္ဌာန်းနိုင်အောင် ဆိုပြီး ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးသွားခဲ့တာရှိပါတယ်။ ဒီလိုဆွေးနွေးချက်ပေါ်မူတည် ပြီးတော့ ပြီးခဲ့တဲ့ရက်အတွင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကို မိမိရုံးခန်းမှာ ခေါ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်မှုအခြေအနေကိုရှင်းပြပါတယ်။ ရှင်းပြတဲ့အခြေအနေကတော့ အခု အမျိုးသား လွှတ်တော်ဘက်မှာဖြန့်ဝေထားတဲ့ Anti-Corruption Law သက်ဆိုင်ရာနိုင်ငံအသီးသီးက ထုတ်ပြန် ထားတာတွေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထပ်မံဖြန့်ဝေပြီးတော့လေ့လာဖို့။ လေ့လာပြီးလို့ရှိရင် မိမိတို့ဆီမှာရှိတဲ့ တည်ဆဲဥပဒေများကိုပြန်လည်သုံးသပ်ပြီး လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်အတည်ပြုဖို့နဲ့ အဲလိုအတည်ပြုလာတဲ့အခါမှာ ဒီဥပဒေအတိုင်း သက်ဆိုင်ရာတာဝန် ရှိတဲ့သူများကလိုက်နာဆောင်ရွက်ဖို့ အမှန်တကယ် ဒီနေ့လိုအပ်နေခြင်းဖြစ်တယ်။ ဒါကြောင့်မို့လို့ အဆိုတင်သွင်းထားတဲ့ ဦးသိန်းညွန့်ရဲ့သဘောထားပြောပါဆိုတဲ့အခါမှာ ဥက္ကဋ္ဌကြီးနှင့် နာယကကြီးတို့ စီစဉ်မှုဟာကောင်းပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကိုလည်း သင့်တော်သလိုဆောင်ရွက်ပေးပါလို့ ပြန်လည်တင်ပြခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသိတဲ့အတိုင်းပဲ အဆိုတစ်ခု လွှတ်တော်က

လက်ခံဆွေးနွေးပြီဆိုလို့ရှိရင် အဆိုကိုပြန်လည်ရုပ်သိမ်းဖို့ ကာယကံရှင်ကတောင်းဆိုသော်လည်း လွှတ်တော်က ခွင့်ပြုချင်မှခွင့်ပြုမယ့်အနေအထားဖြစ်ပါတယ်။ သို့ရာတွင် ဒီအဆိုကတော့ အဆိုကို ရုပ်သိမ်းမှာ မဟုတ်ဘဲနဲ့ ပိုမိုခိုင်မာအောင်ဆောင်ရွက်မယ့်ကိစ္စဖြစ်တဲ့အတွက် ဒါကိုတော့ မိမိတို့ ပြည်ထောင်စုလွှတ်တော်က ဆက်လက်ဆောင်ရွက်မယ့်ကိစ္စဖြစ်တဲ့အတွက် မည်သို့မည်ပုံဆက်လက် ဆောင်ရွက်မယ့်ဆိုတဲ့ကိစ္စကတော့ သီးခြား ဥက္ကဋ္ဌကနေ ထပ်မံကြေညာမှာဖြစ်ပါတယ်။ ကိုယ်စားလှယ် များလက်ဝယ်ရောက်ရှိနေတဲ့ Anti-Corruption Law ကိုလည်း ဒီခေတ်ဒီအခါမှာ နိုင်ငံတကာက စိတ်ဝင်စားပြီးတော့ နိုင်ငံတကာအဓိကထား ဆောင်ရွက်နေတဲ့ကိစ္စဖြစ်တဲ့အတွက် ဒါလည်းလေ့လာ ထားဖို့နဲ့ အကယ်လို့ မိမိတို့ဆီမှာရှိနေတဲ့ တည်ဆဲဥပဒေများထဲမှာပါဝင်တဲ့ Anti Corruption Law Money Laundery Act စသည်ဖြင့် ဒါတွေနဲ့သက်ဆိုင်တယ်ဆိုလို့ရှိရင်လည်း မိမိတို့ လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးအကြံပြုနိုင်ဖို့ မိမိအနေနဲ့ကြိုတင်တင်ပြလိုပါတယ်။ ဒါကြောင့် ဦးသိန်းညွန့် တင်ပြထားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးကြမယ့်ပုဂ္ဂိုလ်များဟာလည်း ယာယီ အားဖြင့်တော့ ခဏရပ်ဆိုင်းပြီး မိမိတို့ဆောင်ရွက်မယ့်အစီအစဉ်ကျရင် ဆက်လက်ဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကို အသိပေးတင်ပြခြင်းပဲဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယနေ့လွှတ်အစည်းအဝေးဒီမှာရပ်နားပါ့မယ်။ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မနက်ဖြန် နံနက် ၁၀း၀၀ နာရီမှာ ပြုလုပ်မှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆ း ၁၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ကြပါပြီခင်ဗျား။

[ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၁၆း၁၅ နာရီတွင်ရပ်နားပါသည်။]